ကြေးမုံ
The Mirror Daily
Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

လောကဝင်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 30 October 2019 ၉၈၁၈

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက်ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်ဝန်ကြီး Mr. David Stilwell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ ပညာရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု၊ မြစ်ကြောင်းများ ထိန်းသိမ်းရေးကဏ္ဍများအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးနှင့် ASEAN၊ EAS ထိပ်သီးအစည်းအဝေးများဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက်ဝန်ကြီး Mr. David Stilwell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# မန္တလေးတိုင်းဒေသကြီးတွင်
# ဝန်ထမ်းအိမ်ရာ ၁၉၂ ခန်း တည်ဆောက်ပေးသွားမည်

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၃ ဒသမ ၇ ဘီလီယံ သုံးစွဲ၍ မြို့နယ် ရှစ်မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ ၁၉၂ ခန်းကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ *



ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာတွင် တည်ဆောက်ပြီးစီးနေသည့် ဝန်ထမ်းအိမ်ရာများကို တွေ့ရစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်
စာမျက်နှာ » ၉

ASEAN-ERAT အဖွဲ့၏ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှု အစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ
စာမျက်နှာ » ၄

ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ထပ်တိုးဝင်ရောက်လာမည်
စာမျက်နှာ » ၁၅



ကြေးမုံ

# စုစည်းမှုကို ဉာဏ်ပညာဖြင့် တည်ဆောက်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်ရှေ့ဆက်မည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃)ရပ်ကို အသိပေးပြောကြားခဲ့သည်။

ရှေ့ဆက်လျှောက်လှမ်းရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃)ရပ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကို မည်သို့ရှေ့ဆက်သွားမည်နည်းဟူသည့် ဘုံလုပ်ငန်းစဉ်၊ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်လာရေးနှင့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို လူထုရရှိခံစားနိုင်ရေးဟူသည့် အချက်များဖြစ်သည်။ ပထမဘုံလုပ်ငန်းစဉ်သည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များ စတင်အဆိုပြုကမ်းလှမ်းခဲ့သည့် လုပ်ငန်းစဉ် ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် မူအားဖြင့်သဘောတူညီနိုင်သည့် အချက်သုံးချက်ကို ရရှိထားပြီးဖြစ်သည်။ ပထမအချက်မှာ NCA ကိုအခြေခံသည့် မူဘောင်သဘောတူညီချက်များသည် လာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင်ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ်၏ ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့ဖြစ်ပြီး ပြည်ထောင်စုသဘောတူစာချုပ်အပိုင်း (၃)ပိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြသူအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက်ပြီး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းထားသည်။

ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်လာရေးသည် NCA တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ပြီး ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းသည့် အခြေအနေတစ်ရပ်ကို တည်ဆောက်နိုင်ရေးဖြစ်သည်။ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး နိုင်ငံရေးစားပွဲဝိုင်းများတွင် ပါဝင်ရေး၊ NCA ထီးရိပ်အောက်သို့ရောက်ရှိရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်မှတ်မထိုးရသေးသည့် ခေါင်းဆောင်များအနေဖြင့် သမိုင်းဝင်နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်ရေး ရှေ့သို့ခြေတစ်လှမ်းတက်ပေးကြဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တိုက်တွန်းထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကို အကောင်အထည်ဖော်နိုင်မှသာ ငြိမ်းချမ်းရေး၏အသီးအပွင့်များကို ပြည်သူလူထုရရှိခံစားနိုင်မည်ဖြစ်သည်။ မငြိမ်းချမ်းသည့်ဒေသများတွင် ပဋိပက္ခဒဏ်ရာဒဏ်ချက်များကို ကြုံတွေ့ခံစားနေကြရသူများမှာ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အောက်ခြေပြည်သူလူထုများဖြစ်သည်ကို လက်ငင်းကာလ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်မှ ပဋိပက္ခများက သက်သေပြလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ပဋိပက္ခဒဏ်ရာဒဏ်ချက်များကို တိုင်းရင်းသားပြည်သူများ ခံစားလာကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ တိုင်းရင်းသားများကြုံတွေ့နေရသော ဒုက္ခများကို စာနာနားလည်ပြီး ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် မငြိမ်းချမ်းမှုများကို အပြီးတိုင်အဆုံးသတ်၍ နည်းပညာတော်လှန်ရေးသို့ပင် ဆက်လက်တက်လှမ်းနေပြီဖြစ်သည်။ ယင်းအချိန်အခါတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူငယ်များ၊ မျိုးဆက်သစ်များအတွက် မျှော်လင့်ချက်ပျောက်နေသည်။ သမိုင်းအမွေဆိုးထားခဲ့သူများမှာ ဤလောကဌ်မရှိတော့ဘဲ မိမိတို့၏မျိုးဆက်များအတွက် ကောင်းမွေများသာ ဖန်တီးပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ NCA (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် "ပြည်ထောင်စုဆိုတာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သူအားလုံးရဲ့ ဦးနှောက်ထဲ၊ နှလုံးသားထဲကနေ နှစ်နှစ်ကာကာယုံယုံကြည်ကြည် တန်ဖိုးထားရတဲ့ စုစည်းမှုဖြစ်ဖို့ အရေးကြီးတယ်။ ဒီစုစည်းမှုကိုအင်အားနဲ့ တည်ဆောက်လို့မရနိုင်ဘဲ ဉာဏ်ပညာအမြော်အမြင်၊ စိတ်သဘောထားပြည့်ဝမှုတို့နဲ့ တည်ဆောက်မှ ရနိုင်မယ်ဆိုတာကို အားလုံးသတိပြုကြစေလိုပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်ကို အလေးအနက်ခံယူပြီး ပင်လုံစိတ်ဓာတ်ကိုအခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပုသိမ်ခရိုင်စိမ်းလန်းသန့်ရှင်းမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ချောင်းသာမြို့ )

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက် (တနင်္လာ နေ့)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
ပြည်သူများ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အခြေခံပညာအထက်တန်းကျောင်း၊ ချောင်းသာမြို့ ။

## ပဉ္စမအကြိမ်မြောက် အာဆီယံကျန်းမာရေးကဏ္ဍ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပဉ္စမအကြိမ်မြောက် အာဆီယံကျန်းမာရေးကဏ္ဍ(၂) အစည်းအဝေး ($5^{th}$ ASEAN Health Cluster 2 Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်က အမှာစကားပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော $3^{rd}$ Meeting of ASEAN Health Cluster 2 နှင့် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော $4^{th}$ Meeting of ASEAN Health Cluster 2 မှ ထွက်ပေါ်လာသော ရလဒ်များကို လက်ခံဆောင်ရွက်ခြင်း၊ ASEAN Health Cluster 2 ၏ (၂၀၁၇-၂၀၂၀) Work Program အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် မွမ်းမံဆွေးနွေးခြင်း၊ ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအား ဆန်းစစ်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ကျင်းပသွားမည်**

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးအဖွဲ့၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အစည်းအဝေးကို အောက်တိုဘာ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၁,၅၀၀ | ၈၉၄ | ၁၀,၂၈၈,၀၀၀ |
| MTSH | ၄,၀၀၀ | ၄,၀၀၀ | ၁,၄၆၈ | ၅,၈၄၁,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၁၂ | ၉၄၀,၈၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၅၀၀ | ၁၄၉ | ၃,၄၄၄,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၄၄ | ၁၃၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၉

ရန်ကုန်(ရွှေဈေး) ၁၂၁၆၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၆၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၅ ကျပ် | ၉၆၀/၉၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၆၀ ကျပ် | ၁၀၀၅/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၆၅ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၈၀ ကျပ် | ၉၇၅/၉၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၄၀/၈၄၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၉.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၄.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၆၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၃၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၉၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၄.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၁.၁၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၇.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၂.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## သံအမတ်ကြီး ဦးသူရိန်သန့်ဇင် ဆားဘီးယားသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော်　အောက်တိုဘာ ၃၀**
ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသူရိန်သန့်ဇင်သည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဘဲလ်ဂရိတ်မြို့၌ ဆားဘီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား ဗိုချစ်ချ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်　အောက်တိုဘာ ၂၉**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာဌာန ညွှန်ကြားရေးမှူးချုပ် Ms. Sun Haiyan နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**စံ (၅) ချက်နှင့်အညီ**

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရမည်ဆိုသည့် စံ (၅) ချက်နှင့်အညီ ကျင်းပနိုင်ရန် ၂၀၁၉-၂၀၂၂ မဟာဗျူဟာစီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်း/ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားသွားမည့်အခြေအနေ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ဆောင်ရွက်နေမှု၊ ပြည်သူလူထုအသိပညာပေးခြင်း (Civic Education) နှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း (Voter Education) လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုင်းရင်းသားဘာသာစကားများဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနိုင်ရေးဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲတွင် Social Media အသုံးပြု၍ အမုန်းစကားများ၊ သတင်းအမှားများ ဖြန့်ဝေမှုမရှိစေရေးအတွက် ကာကွယ်မည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှု၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

* ရှေ့ဖုံးမှ

"ဒီလအတွင်းမှာပဲ တည်ဆောက်ဖို့ တင်ဒါခေါ်နေပါပြီ၊ လာမယ့် နိုဝင်ဘာလအတွင်း တင်ဒါအောင်မြင်တဲ့သူတွေကို လုပ်ငန်းအပ်နှံပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှာ အပြီးတည်ဆောက်သွားမှာပါ။ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ဆောက်လုပ်ခဲ့တဲ့ ဝန်ထမ်းအိမ်ရာတွေနဲ့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းအရေအတွက်ကို နှိုင်းယှဉ်ရင် ၂၅ ဒသမ ၃၆ ရာခိုင်နှုန်း အိမ်ရာတွေ တည်ဆောက်ပေးနိုင်ခဲ့ပါပြီ၊ ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေနေထိုင်ရေးနဲ့ မြို့ပြ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးနေပါတယ်၊ ဆက်လက်ပြီးလည်း အရောင်းအိမ်ရာတွေ တည်ဆောက်ပေးပြီး ဘဏ်ချေးငွေစနစ်နဲ့ ဝယ်ယူနိုင်အောင် ဆက်စပ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ယခုဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာတိုက်ခန်းများမှာ တစ်ခန်းလျှင် ၆၅၀ စတုရန်းပေ အကျယ်အဝန်းရှိ လေးခန်းတွဲလေးထပ်ပါ တိုက် ၁၂ လုံး အခန်းပေါင်း ၁၉၂ခန်းကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အဆိုပါတိုက်ခန်းများအနက် ချမ်းမြသာစည်မြို့နယ်တွင် နှစ်လုံး၊ မလှိုင်မြို့နယ်တွင် တစ်လုံး၊ ရမည်းသင်းမြို့နယ်တွင် တစ်လုံး၊ စဉ့်ကူးမြို့နယ်တွင် နှစ်လုံး၊ မတ္တရာမြို့နယ်တွင် တစ်လုံး၊ ညောင်ဦးမြို့နယ်တွင် သုံးလုံး၊ နွားထိုးကြီးမြို့နယ်တွင် တစ်လုံးနှင့် တောင်သာမြို့နယ်တွင် တစ်လုံး စုစုပေါင်း တိုက် ၁၂ လုံးကို တည်ဆောက်ပေးသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၈ ဒသမ ၈ ဘီလီယံသုံးစွဲ၍ ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၅၉၀ကို တည်ဆောက်ပေးခဲ့သည့်အပြင် ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့်လည်း ၄ ဒသမ ၈ ဘီလီယံသုံးစွဲကာ ဝန်ထမ်းအိမ်ရာ တိုက်ခန်းပေါင်း ၂၄၀ ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍ အရောင်းအိမ်ရာများ တည်ဆောက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID)တွင် အိမ်ရာဝယ်ယူရန် ငွေစုဆောင်းထားကြသူ ၂၁၉၉ ဦးရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဟောင်ကောင်တက္ကသိုလ်၏ အာရှနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာရေးဌာနမှ Associate Professor, Dr. Renaud Egreteau အား လက်ခံတွေ့ဆုံ

**နေပြည်တော်　အောက်တိုဘာ ၂၉**
ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဟောင်ကောင်တက္ကသိုလ်၏ အာရှနှင့် အပြည်ပြည်ဆိုင်ရာလေ့လာရေးဌာနမှ Associate Professor, Dr. Renaud Egreteau အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်လုပ်ငန်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံ၊ အရည်အသွေးပိုမိုပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**



## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၅၁ / ၂၀၁၉) ကျင်းပ



**နေပြည်တော်　အောက်တိုဘာ ၂၉**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၅၁/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက်ဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက်ဝန်ကြီး Mr. David Stilwell အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက်ဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက်ဝန်ကြီး Mr. David Stilwell အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စများနှင့် မြန်မာနိုင်ငံတွင် အမေရိကန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်ဝန်ကြီး Mr. David Stilwell နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီယယ် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဗိုလ်ဗိုလ်ကျော် ဒုတိယညွှန်ကြားရေးမှူးချုပ်(မြို့ပြ) ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးမျိုးဇာနည်ဝင်း အထွေထွေမန်နေဂျာ အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆေးဝါးလုပ်ငန်း စက်မှုဝန်ကြီးဌာန |

❍ MFF မှ

အနိုင်ရခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းနှင့် ချင်းအသင်းပွဲစဉ်တွင် တစ်ဂိုးစီသရေကျနေသောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ မကွေးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရှမ်းတောင်အသင်းနှင့် စစ်ကိုင်းအသင်းပွဲစဉ်တွင် ဒုတိယပိုင်းသွင်းဂိုးများဖြင့် တစ်ဂိုးစီ သရေကျခဲ့သောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ စစ်ကိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုး၊ စုစုပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းနှင့် စစ်ကိုင်းအသင်းတို့၏ ဗိုလ်လုပွဲကို အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် အရေးနိမ့်ခဲ့သည့် ချင်းအသင်းနှင့် ရှမ်းတောင်အသင်းသည် ပူးတွဲတတိယဆုရရှိခဲ့သည်။ **ရှိုင်းထက်ဇော်**

# ဂူတာပြင်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စစ်တရားရုံး (Court –Martial) ဖြင့် စစ်ဆေးစီရင်နိုင်ရေး စတင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**
တပ်မတော်အက်ဥပဒေ (The Defence Services Act)၊ တပ်မတော်နည်းဥပဒေများ (The Defence Services Rules)နှင့်အညီ ဖွဲ့စည်းခဲ့သည့် ဗိုလ်ချုပ်မြတ်ကျော် ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry) ၏ စစ်ဆေးတွေ့ရှိချက်အရ ဂူတာပြင်ကျေးရွာဖြစ်စဉ်အချို့တွင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်သင့်သည်ဟု စုံစမ်းစစ်ဆေးရေးခုံရုံးက ထင်မြင်ယူဆချက်ပေးခဲ့သည့် ဖြစ်စဉ်အချို့ရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်တို့အပေါ် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်နိုင်ရေးအတွက် စစ်ဘက်တရားစီရင်ရေး၏ လုပ်ငန်းစဉ်များ(Process of Military Justice) အတိုင်း စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သက်သေခံအကျဉ်းချုပ် (Summary of Evidence) ရေးမှတ်ယူခြင်းကို ဆောင်ရွက်လျက်ရှိပြီး ဥပဒေအကြံပြုချက် တောင်းခံခြင်း၊ စစ်တရားရုံးဖွဲ့စည်းခြင်းနှင့် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးခုံရုံးအနေဖြင့်လည်း လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ လက်တွေ့စွမ်းရည်ပြိုင်ပွဲ မြန်မာကျောင်းသူအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၉**
ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ လက်တွေ့စွမ်းရည်ပြိုင်ပွဲသို့ မြန်မာကျောင်းသူအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ College of Stomatology Shanghai Jiao Tong တက္ကသိုလ်တွင် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ လက်တွေ့စွမ်းရည်ပြိုင်ပွဲ "the 2nd Skill Contest for International Dental Students 2019" ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ နောက်ဆုံးနှစ် ဘီဒီအက်စ်သင်တန်းမှ ထူးချွန်ကျောင်းသူ သုံးဦးတို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

**မောင်လူမော်**

# ASEAN-ERAT အဖွဲ့၏ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုအစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်းသည့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**
ASEAN-ERAT အဖွဲ့၏ ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာမှု အစီရင်ခံစာပါ အကြံပြုချက်များအား အကောင်အထည်ဖော်ရေးအတွက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အထိရောက်ဆုံးဖြည့်ဆည်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အတွင်း ပူးတွဲဆန်းစစ်ချက်နှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာတို့ကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ နောက်ဆက်တွဲအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများအပြင် UNDP နှင့် UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများလည်း ရှိပါကြောင်း၊ ထို့ကြောင့် ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာမှု အစီရင်ခံစာပါ ဦးစားပေးစီမံကိန်းများကို ရွေးချယ်ရာတွင် လက်ရှိဆောင်ရွက်ဆဲစီမံကိန်းများနှင့် ထပ်မနေစေရန် စနစ်တကျ စိစစ်ဆောင်ရွက်ရမည်ဖြစ်ပြီး လက်ရှိလိုအပ်ချက်များကို အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ၂၀၁၇ ခုနှစ်က စတင်ခဲ့သည့် ပဋိပက္ခများကြောင့် မိမိတို့အနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရပါကြောင်း၊ အဆိုပါစိန်ခေါ်မှုများကပင် မိမိတို့အတွက် အတွေ့အကြုံမျိုးစုံကို ရရှိခဲ့ပြီး ယင်းစိန်ခေါ်မှုများကြောင့်ပင် မိမိတို့အနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး မိမိတို့ကို ပိုမိုကြံ့ခိုင်လာစေခဲ့ပါကြောင်း၊ လိုအပ်ပါက အိမ်နီးချင်းများ၏ အကူအညီကိုပါ ရယူရပါကြောင်း၊ ရခိုင်အရေးကိစ္စသည်လည်း ထိုနည်းတူပင်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကို အမျိုးသားရေးအဖြစ် အလေးထားဆောင်ရွက်လျက်ရှိရာ ပံ့ပိုးကူညီကြသည့် မိတ်ဖက်နိုင်ငံများနှင့် အာဆီယံတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် နည်းပညာလုပ်ငန်းအဖွဲ့ အစည်းအဝေးအရ သက်ဆိုင်သည့် ဌာနအသီးသီးက ဦးစားပေးလုပ်ငန်းများကို အဆိုပြုတင်ပြထားပြီးဖြစ်ရာ ယနေ့အစည်းအဝေးတွင် အသေးစိတ်လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မည့် Timeline အစီအစဉ်များကိုလည်း ဆွေးနွေးအတည်ပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လက်ရှိအချိန်အထိ တစ်ဖက်နိုင်ငံမှ မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၃၆၀ ကျော်ကို လက်ခံရရှိပြီး ၎င်းတို့အတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ပံ့မှုလုပ်ငန်းများနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို မိမိတို့ဘက်မှ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးကို ဆောင်ရွက်ခဲ့ပြီး ပဋိပက္ခများကြောင့် မိမိတို့နေအိမ်များကို စွန့်ခွာကြသော်လည်း တစ်ဖက်နိုင်ငံသို့ ထွက်ခွာခြင်းမရှိသူများအား မူလနေရပ်ဒေသများတွင် ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် နေအိမ်များ ပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် အခြားသော လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့အနေဖြင့် အာဆီယံသို့ အဆိုပြုမည့်စီမံကိန်းများတွင် ယင်းကိစ္စကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် နည်းပညာဆိုင်ရာလုပ်ငန်း အဖွဲ့ဝင်များက သက်ဆိုင်သည့်ကဏ္ဍအလိုက် အဆိုပြုစီမံကိန်းများကို ဆွေးနွေးတင်ပြကြရာ အာဆီယံဘက်မှ သိရှိလိုသည်များကို မေးမြန်းကြပြီး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဒုတိယအကြိမ် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ဦးစားပေးစီမံကိန်း ခုနစ်ခုအား ပထမအဆင့်အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၂၉**

ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊ ရွှေထီးတော်တင် မဟာမင်္ဂလာနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လစ်ဟာမှုမရှိစေရေးဆောင်ရွက်**

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီး မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်အထမြောက်စေရန် တာဝန်ယူထားသည့် လုပ်ငန်းဆောင်တာများကို လစ်ဟာမှုမရှိစေရေး ကုသိုလ်ယူ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်မှုလုပ်ငန်းများနှင့် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် သာသနာတော်ဆိုင်ရာ အခမ်းအနားများ ကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ သံဃာတော်များ ပင့်လျှောက်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဦးစီးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ KNU ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (ဗဟိုအဖွဲ့ချုပ်)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် KNU ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (ဗဟိုအဖွဲ့ချုပ်)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာနော်ကဖောထူး၊ တွဲဖက်အတွင်းရေးမှူး ဦးစောကျော်ညွှန့်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုယ်စားလှယ်အဖွဲ့က ကရင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် လိုအပ်သည့် နည်းပညာနှင့် အကူအညီများ ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးနေမှုများ၊ ကျေးလက်မီးလင်းရေး အပါအဝင် ဒေသအခြေအနေအပေါ်မူတည်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စရပ်များ၊ လတ်တလောလိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးရေးနှင့် ရေရှည်တွင် စီးပွားဖြစ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေးအတွက် ဝန်ကြီးဌာန၊ ဒေသအစိုးရ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၉၆)နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ




**ရန်ကုန် အောက်တိုဘာ ၂၉**

(၉၆)နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် တူရကီနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး Mr. Haydar Kerem Divanlioglu နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး (၉၆)နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။ **(ယာပုံ)**

**တည်ခင်းဧည့်ခံ**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၉**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကိုမိုရင်းဧရိယာ(Comorin area)နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ပေါ့သေးသေးမဟုတ်သော အီးစီးကရက်ပြဿနာ

ဒေါက်တာသိန်းဆွေ(ပြည်သူ့ကျန်းမာ)

အလွန်ပြင်းသော အဆိပ်အတောက်ဓာတုပစ္စည်းများ ပါဝင်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို အမှတ်မထင် သောက်မိရာမှ ကြီးမားသော စွဲလမ်းမှုကို ဖြစ်စေသည့်မှ ၎င်း၏ ကြီးမားသောကျန်းမာရေးအန္တရာယ်များကို ခံစားရပြီး အသက်သေဆုံးနေရသည်မှာ ကမ္ဘာပေါ်တွင် နှစ်စဉ် ခုနစ်သန်းကျော် သေဆုံးနေကြရပြီဖြစ်ပါ၏။ ခြောက်သန်းကျော်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးကို ကိုယ်တိုင်သုံးစွဲ၍ သေဆုံးရခြင်းဖြစ်ပြီး ခုနစ်သိန်းနီးပါးခန့်သည် အခြားသူများသောက်သော ဆေးလိပ်ငွေ့ကြောင့် သေဆုံးရပြီး အထူးသဖြင့် အပြစ်မဲ့သောအမျိုးသမီးနှင့် ကလေးများ အများအပြားပါဝင်သည်ကို တွေ့ရှိရပါသည်။ ထိရောက်သော ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်းများကို မဆောင်ရွက်နိုင်ပါက ၂၀၃၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် ရှစ်သန်းကျော် သေဆုံးမည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားပါသည်။ မြန်မာနိုင်ငံတွင်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းစားသုံးမှု နောက်ဆက်တွဲဖြစ်ပွားလာသော ရောဂါများဖြစ်သည့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာ အပါအဝင် နှလုံးသွေးကြောနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကြောင့် သေဆုံးမှုများသည်လည်း တဖြည်းဖြည်း တိုးတက်များပြားလာနေပြီ ဖြစ်ပါသည်။

ထိုမျှကြီးမားသော လူအများ၏ အသက်ကို ခြိမ်းခြောက်လာနေပြီဖြစ်သော ဤဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုပြဿနာ လျော့နည်းရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၂)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံက အတည်ပြုသော ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (WHO Framework Convention for Tobacco Control–WHO FCTC) ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတိုင်းက လိုက်နာဆောင်ရွက်ရေးအတွက် တိုက်တွန်းခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကထားဆောင်ရွက်ရမည့် မဟာဗျူဟာလုပ်ငန်းစဉ် (၆)ရပ်အား လမ်းညွှန်ချက်အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ အတိုကောက်အားဖြင့် (M–Power) ဖြင့် မှတ်သားနိုင်ပါသည်။

၁။ Monitor – ဆေးလိပ်၊ဆေးရွက်ကြီးသုံးစွဲမှု၏ ပြဿနာအတိမ်အနက်၊ ဆောင်ရွက်ပေးနိုင်သော အတိုင်းအတာစသည်တို့အား စိစစ်ကြီးကြပ်ခြင်း၊

၂။ Protect – ဆေးလိပ်ငွေ့၏ အန္တရာယ်သည် ကြီးမားသောကြောင့် လူအများအား အကာအကွယ်ပေးနိုင်ရေးအတွက် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ ထူထောင်ခြင်းဖြစ်ပါသည်၊

၃။ Offer to quit – ဆေးလိပ်သောက်သုံးသူများအား ဆေးလိပ်ဖြတ်ရေး အတွက် ဆေးလိပ်ဖြတ်ရေး အစီအစဉ်များ၊ ဌာနများဖွင့်လှစ်ပေးရေး လုပ်ဆောင်ရန်၊

၄။ Warning – ဆေးလိပ်နှင့်ဆေးရွက်ကြီးပစ္စည်းများသုံးစွဲခြင်းကြောင့် ရရှိနိုင်သော ရောဂါများကို အသိပေးခြင်း၊ ပညာပေးပိုစတာများ စိုက်ထူခြင်းနှင့် ဆေးလိပ်ထုပ်များ၊ ဘူးများတွင် ဆေးလိပ်ကြောင့် ရရှိသောရောဂါပုံများကို ဖော်ပြလျက် သတိပေးခြင်း၊

၅။ Enforcement – ဆေးလိပ်ဆေးရွက်ကြီး ဆိုင်ရာလုပ်ငန်း ဆောင်ရွက်ရာတွင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့် ဆောင်ရွက်နိုင်ရေး၊ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ အရေးယူခြင်း၊ သတိပေးခြင်း စသောလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

၆။ Raise the Tax – ဆေးလိပ်၊ ဆေးရွက်ကြီးသည် လူအများကို ကျန်းမာရေးထိခိုက်စေခြင်း၊ သောက်သူသာမက အနီးအနားရှိ ပြည်သူတို့အား တစ်ဆင့်ခံ ဆေးလိပ်ငွေ့ကြောင့် ရောဂါများရရှိနိုင်သည့်အတွက် ဆေးလိပ်ဈေးတက်ခြင်းကြောင့် ဆေးလိပ်ကို စတင်သောက်ရန် လက်တည့်စမ်းသော လူငယ်များ လွယ်လွယ်ဝယ်ယူ မသောက်နိုင်ရေး၊ သောက်သူများလည်း လျှော့သောက်ရာမှ ဆေးလိပ်ကို ဖြတ်လာစေခြင်းအတွက် ဆေးလိပ်၊ ဆေးရွက်ကြီးပေါ်တွင် အခွန်ကို တိုးမြှင့်ကောက်ယူခြင်းပင် ဖြစ်ပါသည်။ တကယ်တမ်းတွင်မူ အများပြည်သူအပေါ် အခွန်ကောက်ခြင်းမဟုတ်ဘဲ ဆေးလိပ် ဆေးရွက်ကြီးထွက်ပစ္စည်းများကို သုံးစွဲသူတို့ အပေါ်တွင်သာ ကောက်ယူခြင်းဖြစ်သည်ကို သတိပြု စဉ်းစားစေချင်မိပါ၏။

ထိုသို့သော လုပ်ငန်းမဟာဗျူဟာများကို ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေပါပြဋ္ဌာန်းချက်များရှိသော်လည်း အကောင်အထည်ဖော်မှု အားနည်းနေသည်ကိုလည်း လေ့လာတွေ့ရှိရပါ၏။ လွန်ခဲ့သော ဆယ်စုနှစ်ကျော်က ရေးဆွဲခဲ့သော ဥပဒေတွင် ပါဝင်သင့်သောအချက်များ၊ ဖြည့်စွက်သင့်သောအကြောင်းအရာများမှာ လိုအပ်ချက်အဖြစ် ရှိနေပါသည်။

သို့သော်လည်း လက်ရှိဥပဒေပါပြဋ္ဌာန်းချက်များနှင့်ပင် လုပ်ငန်းတော်တော်များများကို ဆောင်ရွက်နိုင်ပါသည်။ ယခုအခါတွင် အဆိုပါဥပဒေအား ပြုပြင်ဖြည့်စွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်း သိရှိထားပါသည်။

လွှတ်တော်အတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ ဆွေးနွေး၊ အဆိုပြု၊ မှတ်တမ်းတင်ကြပါသည်။ စောင့်ကြည့်သူများအနေဖြင့်လည်း ဤလွှတ်တော်သက်တမ်းတွင် အားရစရာများ တွေ့ရပါသည်။ တစ်ခါတစ်ရံ လွှတ်တော်ကိုယ်စားလှယ်များက အချက်အလက်စုံလင်စွာဖြင့် မဟာဗျူဟာတစ်ရပ်ဖြစ်သော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်အပေါ် အခွန်တိုးမြှင့်ဖို့ ကင်းလွတ်ခွင့်မပြုသင့်ကြောင်း ရှင်းလင်းခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါ၏။ သို့သော်လည်း ဆွေးနွေးချက်အဆို အရာမထင်သည်များရှိပြန်သည်။ ထို့အပြင် သတိပေးရုပ်ပုံ၊ စာသားများ သတ်မှတ်နှစ်အတိုင်းဖော်ပြရန် ညွှန်ကြားချက်ရှိပါ၏။ သို့သော်လည်း အသိပေးရုပ်ပုံကပ်မထားသော၊ ရိုက်နှိပ်မထားသော စီးကရက်ဘူးများ၊ ဆေးပေါ့လိပ်ထုပ်များ တွေ့ရပြန်ပါ၏။ ဥပဒေဆိုတာ ပြဋ္ဌာန်းထားသော်လည်း လိုက်နာသူရှိသကဲ့သို့၊ အလေးဂရုမပြု ထင်တိုင်းကျဲလိုသူတို့လည်းရှိပြန်ပါ၏။

### ခေါင်းလေးဝင်ပါရစေဦးပမာ

ထိုသို့သော ခရီးရှည်ကို သွားနေစဉ်မှာပင် အီးစီးကရက်ဆိုသော ပြဿနာအစသည် မိမိတို့နိုင်ငံတွင်းသို့ သွေးတိုးစမ်းသည်ကိုကျော်၍ ခေါင်းဝင်–ကိုယ်ဆံ့ ဖြစ်တော့မည့်ပြဿနာအား နိုင်ငံသားတိုင်း မြင်နိုင်ကြပါစေဟုသာ ဆုတောင်းမိပါသည်။

လူသိများလာပြီဖြစ်သော အီးစီးကရက် (Electronic Nicotine Delivery System (ENDS) or E–cigarette) သည် ယနေ့မြန်မာနိုင်ငံတွင် သစ်ကုလားအုတ်ခေါင်းလေးဝင်ပါရစေဦးပမာအစပျိုးလာပြီဖြစ်ပါ၏။ တကယ်တော့မူ အီလက်ထရွန်နစ်စနစ်ဖြင့် ပြုပြင်ဖန်တီးထားသော စီးကရက်များကဲ့သို့ အခိုးထွက်သောပစ္စည်းအတုသဘော ဖြစ်ပါသည်။ စီးကရက်နှင့်ပုံတူဖြစ်အောင် လုပ်ထားပြီး မူလရည်ရွယ်ချက်သည် စီးကရက်စွဲသူများ စီးကရက်ဖြတ်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ကြောင်း သိရပါသည်။ စတင်တီထွင်သူမှာ တရုတ်နိုင်ငံသားဆေးဝါးဗေဒပညာရှင် ဟွန်လင့် ဆိုသူက သူကိုယ်တိုင် ဆေးလိပ်စွဲနေသည့်အတွက်ကြောင့် ဆေးလိပ်ဖြတ်နည်းရှာဖွေရင်း ဤအမည်ရသော အီးစီးကရက်ကို ၂၀၀၃ ခုနှစ်တွင် စတင်တီထွင်သုံးစွဲခဲ့သည်မှစ၍ တရုတ်ပြည်တစ်ခွင် ပျံ့နှံ့သုံးစွဲကြရာမှ ယနေ့ဆိုလျှင် တိုင်းပြည်ပေါင်းမြောက်မြားစွာက ပျံ့နှံ့သုံးစွဲလာကြခြင်းပင် ဖြစ်ပါသည်။ ဆေးရွက်ကြီးထွက်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုထားခြင်းမပြုသော်လည်း ဆေးရွက်ကြီးထွက်ပစ္စည်းများတွင်ပါဝင်သော ဓာတုပစ္စည်းဖြစ်သော နီကိုတင်းကို အရည်ဖျော်ထားပြီး အီလက်ထရွန်နစ်စနစ်နှင့် အငွေ့ပြောင်းလဲစေပြီး အငွေ့ကိုရှူသောစနစ် (Vaping) ပါသည့်ပစ္စည်းတပ်ဆင်ထားသော ကိရိယာတစ်ခုပင်ဖြစ်ပါသည်။ ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်လာသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် စီးကရက်၊ ဆေးတံ၊ ဆေးပြင်းလိပ်၊ ဆေးရှူပြောင်းစသောပုံစံမျိုးများမှ ကွန်ပျူတာသုံး ပစ္စည်းသဏ္ဍာန် (USB Memory sticks) အသွင်မျိုးလည်း ထုတ်လုပ်ကြသည်ကို တွေ့ရပါသည်။




ယနေ့မြန်မာနိုင်ငံတွင် လူအများ၏အသက်ကို သေစေခြင်း၊ တိုစေခြင်းကိုဖြစ်စေသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းပါသော ကွမ်းယာစားသုံးခြင်းကို လျှော့နည်းရေး ပညာပေးလုပ်ငန်းများကို အင်တိုက်အားတိုက် မဆောင်ရွက်နိုင်ခင်မှာပင် ဤမည်သော စီးကရက်အသွင်ဆောင်ထားသော အီးစီးကရက်များ၏ သုံးစွဲမှုမှာ တစ်နှစ်၊ နှစ်နှစ်အတွင်း လျင်လျင်မြန်မြန် တိုးပွားလာသည်ကို လေ့လာသတိပြုမိပါသည်။ စီးကရက်၊ ဆေးလိပ်သောက်ခြင်း၊ အီးစီးကရက်ကိုရှူခြင်း အပါအဝင် အခြားအသုံးအဆောင်ပစ္စည်းတစ်မျိုးဖြစ်သော ရေပြောင်း (Water Pipe) တို့၏ လူအပေါ်ကျရောက်သော အန္တရာယ်သည် အတူတူပင်ဖြစ်ပါသည်။ ယခုအခါတွင် အနောက်တိုင်းတိုင်းပြည်တချို့က စီးကရက်သောက်သည်ထက်ပင် ပိုမိုဆိုးရွားကြောင်း သတင်းများထုတ်ပြန်လာသည်ကို လေ့လာမိပါသည်။

### အကြံပြုပါသည်

ဆေးလိပ်၊ ဆေးရွက်ကြီးများသုံးစွဲသော နီကိုတင်းကြောင့် စွဲလမ်းစေမှုကိုဖြစ်သကဲ့သို့၊ ဆေးရွက်ကြီးတွင်ပါသော ဓာတုအဆိပ်များကြောင့် ရောဂါရစေသကဲ့သို့ပင် ရောဂါရစေသောပစ္စည်းများသာ ဖြစ်ပါသည်။ သို့သော် ယနေ့လူရွယ်များအတွင်း ဆေးလိပ်ဖြတ်စက်ဟုပြောလျက် စတင်သုံးစွဲလာပြီဖြစ်သောကြောင့် လူငယ်လူရွယ်များအတွက် ကြီးမားသောအန္တရာယ်သည် အဟုန်ပြင်းစွာဖြင့် ဝင်ရောက်လာနေပြီဟု သတိပေးလိုပါသည်။ အဆိုပါပစ္စည်းများကို ရောင်းချသူတို့ကလည်း ကြော်ငြာအားကောင်းကောင်းဖြင့် ဈေးကွက်ကိုဖော်ဆောင်နေပြီလည်း ဖြစ်ပါသည်။ တချို့သောဆိုင်များသည် ပေါ်ပေါ်ထင်ထင် ဆေးလိပ်ဖြတ်စက်ဟုရေး၍ပင် ကြော်ငြာပြီ။ ယခုအခါတွင် အီးစီးကရက်ကို နိုင်ငံအတွင်းရောင်းချခြင်း၊ တင်သွင်းခြင်းကို လုံးဝပိတ်ပင်သင့်ပြီဖြစ်ပါ၏။ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် မကြာမီရက်အတွင်းက အီးစီးကရက်တင်သွင်းခြင်းကို လုံးဝပိတ်ပင်လိုက်သကဲ့သို့ အခြားသော အာဆီယံနိုင်ငံများသည်လည်း အလားတူပိတ်ပင်တားမြစ်ခြင်းကို ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း လူငယ်များကိုရည်ရွယ်လျက် ရောင်းချနေသော အီးစီးကရက်အား တရားဝင်တင်သွင်းခြင်းရှိပါကလည်း ပိတ်ပင်ကြရမည်ဖြစ်ပြီး တရားမဝင်တင်သွင်းခြင်းများကိုလည်း အလေးထားကာကွယ်တားဆီးရမည့်အချိန်ရောက်ပြီဟု တိုက်တွန်းအပ်ပါသည်။ အချိန်မီမဆောင်ရွက်နိုင်ပါက ခေါင်းလေးသာဝင်သေးသော သစ်ကုလားအုတ်တစ်ကိုယ်လုံးဝင်မှ အခက်တွေ့ရမည့်အရေးကို တာဝန်ရှိသူများဖြစ်ကြသော ဥပဒေပြုရေးအဖွဲ့အစည်းများကလည်း ဥပဒေဖြင့် တားမြစ်နိုင်ရေးအလျင်အမြန် ဆောင်ရွက်ရန်လိုသကဲ့သို့ ကျန်းမာရေးကဏ္ဍကို တာဝန်ယူသောဌာနအနေဖြင့်လည်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲမှုထိန်းချုပ်ရေးဥပဒေတွင် ထိုအခါက မထည့်သွင်းခဲ့သည်ကို အမိန့်ညွှန်ကြားစာများထုတ်ပြန်ခြင်းနှင့်အတူ နိုင်ငံတွင် ဝင်ရောက်လာသော အဆိုပါပစ္စည်းများကို ကန့်သတ်တားမြစ်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါကြောင်း အလေးထား၍ အကြံပြုအပ်ပါသည်။

အီးစီးကရက်သုံးစွဲခြင်းဟာ ခေတ်မီသောအပြုအမူဖြစ်သည်ဟူသော လူငယ်များ၏အတွေးများကို ပြုပြင်ကြရပါမည်။ သုံးစွဲသူကိုရော သူ့ပတ်ဝန်းကျင်ကိုပါ ရောဂါဖြစ်စေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ထိန်းချုပ်မှုစနစ်မျိုးစုံဖြင့် ဆောင်ရွက်ရေးအတွက် အလေးအနက်ထားပြီး ဆောင်ရွက်ရန်လိုနေပါပြီ။ ထို့အတူ သတင်းမီဒီယာအမျိုးမျိုးကလည်း ပညာပေးမှုများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ကြဖို့လိုအပ်ပါကြောင်း တိုက်တွန်းဆန္ဒပြုလိုက်ရပါသည်။ ။

**စီးကရက်နှင့်ပုံတူဖြစ်အောင် လုပ်ထားပြီး မူလရည်ရွယ်ချက်သည် စီးကရက်စွဲသူများ စီးကရက်ဖြတ်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ကြောင်း သိရပါသည်။ စတင်တီထွင်သူမှာ တရုတ်နိုင်ငံသားဆေးဝါးဗေဒပညာရှင် ဟွန်လင့် ဆိုသူက သူကိုယ်တိုင် ဆေးလိပ်စွဲနေသည့်အတွက်ကြောင့် ဆေးလိပ်ဖြတ်နည်းရှာဖွေရင်း ဤအမည်ရသော အီးစီးကရက်ကို ၂၀၀၃ ခုနှစ်တွင် စတင်တီထွင်သုံးစွဲခဲ့သည်မှစ၍ တရုတ်ပြည်တစ်ခွင် ပျံ့နှံ့သုံးစွဲကြရာမှ ယနေ့ဆိုလျှင် တိုင်းပြည်ပေါင်းမြောက်မြားစွာက ပျံ့နှံ့သုံးစွဲလာကြခြင်းပင်ဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နော်ဝေနိုင်ငံ Bergen မြို့ရှိ Institute of Marine Research နှင့် ငါးလေလံဈေးတို့ကို ကြည့်ရှုလေ့လာ



**နေပြည်တော် အောက်တိုဘာ ၂၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် နော်ဝေနိုင်ငံ အစိုးရနှင့် နော်ဝေနိုင်ငံ Bergen မြို့ရှိ Institute of Marine Research(IMR) တို့၏ ဖိတ်ကြားချက်အရ မြန်မာ-နော်ဝေ နှစ်နိုင်ငံ ငါးလုပ်ငန်းကဏ္ဍဆိုင်ရာ ညှိနှိုင်းတိုးမြှင့်မှုများ ဆောင်ရွက်ရန်၊ နော်ဝေနိုင်ငံ ငါးလုပ်ငန်းကဏ္ဍ စီမံခန့်ခွဲမှုအပေါ် ပိုမိုသိရှိနားလည်စေရန်၊ ငါးလုပ်ငန်းကဏ္ဍတွင် အဓိက ပါဝင်ပတ်သက်သူများနှင့် ပိုမိုသိကျွမ်းစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ နော်ဝေနိုင်ငံသို့ သွားရောက်လေ့လာခဲ့သည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၁ ရက်တွင် နော်ဝေနိုင်ငံ Bergen မြို့ရှိ Institute of Marine Research(IMR)၌ နော်ဝေနိုင်ငံ ငါးလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ နော်ဝေနိုင်ငံ တပ်မတော်ရေနှင့် ကမ်းခြေစောင့်ရဲတပ်ဖွဲ့တို့မှ တာဝန်ခံများနှင့်တွေ့ဆုံ၍ ငါးအလွန်အကျွံဖမ်းဆီးခြင်း လျှော့ချရေး၊ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ငါးမွေးမြူခြင်းဆိုင်ရာ နည်းပညာများနှင့် ရောဂါကျရောက်နိုင်မှုများ စောင့်ကြည့်ကာကွယ်ထိန်းချုပ်ခြင်းများ၊ ပင်လယ်ပြင်အတွင်း ငါးလုပ်ငန်း၊ ရေတပ်နှင့် ကမ်းခြေစောင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ကင်းလှည့်စစ်ဆေးခြင်း၊ သုတေသနရလဒ်အပေါ် အခြေခံပြီး ငါးလုပ်ငန်း စီမံခန့်ခွဲမှုစောင့်ကြည့်ထိန်းချုပ်ခြင်းအပါအဝင် နှစ်နိုင်ငံ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ ငါးသယံဇာတ ထိန်းသိမ်းနေမှုများ၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူမှု ကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေမှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး ငါးသယံဇာတ သုတေသနပြုဆောင်ရွက်နေမှုများ၊ နော်ဝေနိုင်ငံနှင့် FAO တို့၏ အစီအစဉ်အရ Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် မြန်မာ့ပိုင်နက် ရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုနှင့် ရေငန်ဒေသဆိုင်ရာ ပြောင်းလဲမှုအခြေအနေများ၊ မြန်မာ့ပင်လယ်ကမ်းရိုးတန်းတွင် Micro Plastic ပါဝင်မှုအား သုတေသနဆောင်ရွက်ထားရှိမှုရလဒ်အပေါ် စီမံခန့်ခွဲမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး Bergen မြို့ရှိ ငါးလေလံဈေးကို ကြည့်ရှုလေ့လာခဲ့သည်။

**ပိုမိုထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Narod ရုံး၌ အမှုဆောင်ဒါရိုက်တာ Mr. Jon Lomoy နှင့်တွေ့ဆုံ၍ မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်အတွင်း Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် ၂၀၂၁ ခုနှစ်အတွင်း သုတေသနဆောင်ရွက်ရေး၊ ရေပြင်အတွင်း Micro Plastic ပါဝင်မှုအား သုတေသနပြုဆောင်ရွက်ရေး၊ ငါးလုပ်ငန်းသတင်းအချက်အလက်ကိုအခြေခံပြီး စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားအောင် ပံ့ပိုးပေးရေး၊ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေမူဘောင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေငန်ငါးမွေးမြူရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အော်စလိုမြို့ရှိ အဆင့်မြင့်နည်းပညာဖြင့် ဓာတ်မြေဩဇာထုတ်လုပ်သည့် ယာရာကုမ္ပဏီ၏ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသို့ ဓာတ်မြေဩဇာတင်ပို့ရောင်းချ ဖြန့်ဖြူးနေမှုများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ယာရာကုမ္ပဏီ၏ Executive Vice President Mr. Pablo Barrera Lopez နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ တောင်သူဦးကြီးများထံသို့ အဆင့်မြင့်နည်းပညာဖြင့် ဓာတ်မြေဩဇာများ တိုက်ရိုက်ရောက်ရှိနိုင်ရေး၊ ယာရာကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် Digital Farming စနစ်တစ်ခု ဖြစ်ပေါ်လာရေးအတွက် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗီဒီယိုသတင်းရိုက်ကူးတည်းဖြတ်ပေးပို့ခြင်းသင်တန်း ဖွင့်လှစ်





**နေပြည်တော် အောက်တိုဘာ ၂၉**
ဗီဒီယိုသတင်းရိုက်ကူးတည်းဖြတ်ပေးပို့ခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်တွင် ပြည်သူကို သတင်းများ ပြန်ကြားပေးရမည့်တာဝန်ပါရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ဌာနတစ်ခုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် လူမှုမီဒီယာများမှ သတင်းများ ထုတ်ပြန်ဖော်ပြပေးလျက်ရှိပါကြောင်း၊ အလားတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ပုံနှိပ်သတင်းစာများနှင့် Myanmar digital news အွန်လိုင်းသတင်းစာတို့မှ သတင်းများ ထုတ်ပြန်ဖော်ပြပေးလျက်ရှိပါကြောင်း၊ ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် MOI Webportal ကို တာဝန်ယူဆောင်ရွက်ကာ သတင်းများ ဖော်ပြပေးလျက်ရှိပါကြောင်း၊ အများအားဖြင့် MOI Webportal တွင် သတင်းစာသားနှင့် သတင်းဓာတ်ပုံများသာ ဖော်ပြပေးလျက်ရှိပါကြောင်း။

**သတင်းရယူသုံးစွဲမှုပုံစံ ပြောင်းလဲလာ**

ယနေ့ခေတ်တွင် စတုတ္ထစက်မှုတော်လှန်ရေးကြောင့် ပြည်သူများ၏ သတင်းရယူသုံးစွဲမှုပုံစံသည် ပြောင်းလဲလာပါကြောင်း၊ မိမိတို့နိုင်ငံတွင် မိုဘိုင်းဆင်းကတ်သုံးစွဲမှုသည် နိုင်ငံလူဦးရေထက်ပင် များပြားသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ ထို့အတူ လူမှုမီဒီယာသုံးစွဲသူမှာလည်း သန်း ၂၀ ကျော်ရှိပြီး အများစုသည် မိုဘိုင်းဖုန်းများမှတစ်ဆင့် သတင်းများကို ဖတ်ရှုကြပါကြောင်း၊ ပုံနှိပ်သတင်းစာများ ဖတ်ရှုမှုအရေအတွက်သည် ကျဆင်းလာပါကြောင်း။

ထိုသို့ ပြောင်းလဲလာသည့် သတင်းစီးဆင်းမှုအရ ပြည်သူအများစု အသုံးပြုသည့် လူမှုမီဒီယာ၊ အွန်လိုင်းမီဒီယာများတွင် သတင်းများ တင်ပြပေးနိုင်ရန် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် MOI Webportal တွင် သတင်းများတင်ပြရာတွင် သတင်းစာသား၊ သတင်းဓာတ်ပုံအဖြစ်သာမက ရုပ်သံပါဝင်သည့် ဗီဒီယိုသတင်းတိုများကို ရိုက်ကူးထုတ်လွှင့်နိုင်ရန် ယနေ့သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သတင်းများအပြင် ပြည်သူများ စိတ်ဝင်စားမှုရှိသည့် အကြောင်းအရာများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဒေသအလိုက် ဓလေ့ထုံးစံများ၊ ပွဲတော်များစသည်တို့ကိုလည်း ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်သံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းဆရာ ဦးအောင်တင်ထွန်းက စမတ်ဖုန်းဖြင့် သတင်းများကို ကောင်းမွန်စွာ ရိုက်ကူးတည်းဖြတ် တင်ဆက်နိုင်ရေးနှင့်စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားသည်။

ဗီဒီယိုသတင်းရိုက်ကူးတည်းဖြတ်ပေးပို့ခြင်းသင်တန်းကို နိုဝင်ဘာ ၁ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား ၂၀ တက်ရောက်ကြသည်။

သင်တန်းတွင် စမတ်ဖုန်းကင်မရာ အသုံးပြုနည်း၊ သတင်းရေးသားနည်း၊ ရိုက်ကူးပြီး ရုပ်သံများကို စမတ်ဖုန်းဖြင့်တည်းဖြတ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# Forever Friendship Group London က မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂၉**
၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း မိုးသည်းထန်မှုကြောင့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေကြီး၊ ရေလျှံမှု၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေဘေးဒဏ်ခံရသည့် ပြည်သူများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် Forever Friendship Group London က စက်တင်ဘာ ၂၉ ရက်တွင် ကြီးမှူးကျင်းပသော သီတင်းကျွတ် ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်မှ ရရှိသည့် အလှူငွေစုစုပေါင်း စတာလင်ပေါင် ၁၆၀၀ ကို အောက်တိုဘာ ၂၃ ရက်တွင် မြန်မာသံရုံး လန်ဒန်မြို့သို့ လာရောက်လှူဒါန်းခဲ့ရာ သံအမတ်ကြီး ဦးကျော်စွာမင်းက အလှူငွေများအား လက်ခံခဲ့သည်။

မြန်မာသံရုံးအနေဖြင့် လက်ခံရရှိသည့် အလှူငွေများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ လွှဲပြောင်းပေးပို့ လှူဒါန်းသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဥပဒေရေးရာအဖြာဖြာ သိကောင်းစရာ ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးကျင်းပသည့် ဥပဒေရေးရာအဖြာဖြာ သိကောင်းစရာ ပြည်သူ့စကားဝိုင်းကို (၉၀)ရပ်ကွက် ဆန္ဒပြည့်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်သဇင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်သူက ရပ်ကွက်အတွင်း စည်ပင်သာယာနှင့်ပတ်သက်သည့် ဥပဒေရေးရာအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ကျော်ထွန်းချွန်ဝင်းက မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသည့် စီမံချက်ဥပဒေ အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်စွာက မှုခင်းကျဆင်းရေးအတွက် တရားဥပဒေစိုးမိုးရေးအကြောင်းအရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထွေးက ဥပဒေရေးရာအဖြာဖြာကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။ **ဦးကျင်မောင်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၉**
ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင် - မုဒုံလမ်း အခြေအနေနှင့် မုဒုံ - ချောင်းနှစ်ခွ- မဲသရော - လှိုင်ကွယ်လမ်းအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား လမ်းစခန်းရှင်းလင်းဆောင်၌ ကရင်ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ် (ကော့ကရိတ်) လမ်း (မဲသရော - လှိုင်ကွယ်အပိုင်း) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ကရင်ပြည်နယ် အတွင်းရှိ လမ်း၊ တံတားအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ကတ္တရာကွန်ကရစ်ဖျော်စက်မှ ကတ္တရာကွန်ကရစ် ဖျော်စပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သထုံ-ဘားအံ- ကော့ကရိတ်- မြဝတီလမ်း (အာရှလမ်း) အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းစခန်း ယာယီရှင်းလင်းဆောင်တွင် ကရင်ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီး မိုင်တိုင်(၁၅၈ နှင့် ၁၅၉) ကီလိုမီတာကြားသုည ဒသမ ၅၈၃ ကီလိုမီတာအရှည် လမ်းကျဉ်းသည့်အပိုင်းအား လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး လမ်းချဲ့နေမှုနှင့် ကတ္တရာကွန်ကရစ်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Chubb Group မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် Chubb Group ၏ Senior Vice President, Mr. Russell G Bundschuh နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တတိယအကြိမ်မြောက် သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၉**
တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Guangzhou Marine Geological Survey (GMGS) နှင့် China Geological Survey(CGS)၊ မြန်မာနိုင်ငံမှ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ်ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Gaowen He နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်တွင်း ပြည်ပတက္ကသိုလ်များမှ စာတမ်းရှင် ၄၁ ဦးတို့က အဏ္ဏဝါဘူမိသိပ္ပံဆိုင်ရာ သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး အောက်တိုဘာ ၃၀ ရက်တွင် ပြည်တွင်း ပြည်ပ တက္ကသိုလ် ၂၂ ခုမှ စာတမ်းရှင် ၄၉ ဦးတို့က သုတေသနစာတမ်းများကို ဆက်လက်ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲကို အဆင့်မြင့်ပညာကဏ္ဍ တိုးတက်ရေးနှင့် ပင်လယ်ပြင်ဆိုင်ရာ ဘူမိဗေဒပညာရပ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

စာတမ်းဖတ်ပွဲကျင်းပနိုင်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အဏ္ဏဝါဘူမိသိပ္ပံဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမိုးလွင်က ပြောသည်။ **သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**

# တိုင်းဒေသကြီး / ပြည်နယ်အဆင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲနိုင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**
တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲနိုင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (မိခင်နှင့်ကလေးကျန်းမာရေး) ဒေါက်တာမြင့်မြင့်သန်းက အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံသားတိုင်း၏ အာဟာရအခြေအနေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၁၈/၂၀၁၉ - ၂၀၂၂/၂၀၂၃)၏ ပထမတစ်နှစ်တာကာလအတွင်း ဦးစားပေးဆောင်ရွက်မည့် ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မြေပြင်အခြေအနေနှင့် ကိုက်ညီမည့် အမှန်တကယ် လက်တွေ့ကျပြီး ရှင်းလင်းလွယ်ကူသော စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးမှု စီမံကိန်းများ ဆက်လက်ရေးဆွဲခြင်းနှင့် ရေးဆွဲထားသော စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို အောက်တိုဘာ ၃၁ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇော်**



❖ **ကျောဖုံးမှ**
ဂိုးစပေးလိုက်ရသော်လည်း ပထမပိုင်းမှာပင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် ဂိုးများကို အောင်ကောင်းမာန်က နှစ်ဂိုးနှင့် ထက်ဖြိုးဝေက တစ်ဂိုး သွင်းယူခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ကာတာခရီးစဉ်တွင် ခြေစမ်းပွဲနှစ်ပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။ မြန်မာ ယူ-၂၂ အသင်းသည် အယ်လ်အူဝေနာအသင်းကို အနိုင်ရပြီး နီပေါယူ-၂၂ အသင်းနှင့် နှစ်ဂိုးစီ သရေကျထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၃၁ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီတွင် ကာဂျစ္စတန် ယူ-၁၉ အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသိန်းနှင့် ကဝမြို့နယ် ဦးစီးမှူး ဒေါ်ဆွေဇင်ဦးတို့ အောက်တိုဘာ ၂၇ ရက်က ကဝမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို တွေ့ဆုံမေးမြန်း ဆွေးနွေးကြစဉ်။

**ငြိမ်းချမ်း(ပြန်/ဆက်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၀ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မော်ကယ်ကျေးရွာနေ တင်ကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၁၉ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ မော်ကယ်ကျေးရွာနေ တင်ကို(၅၅)နှစ်၊ (ဘ)ဦးညိုမောင်၏ ယာတဲအား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သဖန်းဆိပ်) မယ(ပ)၈/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ရေငံကြီးကျေးရွာနေ ထိန်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁၀-၂၀၁၉ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ရွာသစ်ကျေးရွာနေ ကြည်စိုး(၅၂)နှစ်၊ (ဘ)ဦးသောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ရေငံကြီးကျေးရွာနေ ထိန်ဝင်း(၄၈)နှစ်၊(ဘ)ဦးလတ်လားထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဘုတ်ပြင်း)မယ (ပ)၂၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည် မြို့နယ်၊ လက်ပန်ကျေးရွာနေ မောင်မန်(ခ) စိုးဝင်းနှင့် မညိုမ(ခ) ဂျိုမတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၉-၂၀၁၉ ရက်နေ့တွင် ကျောက်ဆည်မြို့နယ်၊ လက်ပန်ကျေးရွာနေ မောင်မန်(ခ)စိုးဝင်း(၃၆)နှစ်၊ (ဘ)ဦးတွာရှင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်ဆည်) မယ(ပ)၄၄/၂၀၁၉၊မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ မညိုမ(ခ)ဂျိုမ(၃၀)နှစ်၊ (ဘ) ဦးတွာရှင်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်ဆည်)မယ(ပ) ၄၅/ ၂၀၁၉၊ မူး/ စိတ် ပုဒ်မ၁၉(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တော မြို့၊ အမှတ်(၆)ရပ်ကွက်နေ မောင်မောင်လွင်(ခ) သားငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၀-၂၀၁၉ ရက်နေ့တွင် အင်တောမြို့၊ အမှတ်(၆) ရပ်ကွက်နေ မောင်မောင်လွင်(ခ)သားငယ် (၄၄)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေစဉ် ၎င်းမှာ ထွက်ပြေး တိမ်းရှောင်သွားပြီး အထုပ်(၁)ထုပ်အား သစ်သားပုံအနီး လွှင့်ပစ်ခဲ့သဖြင့် စစ်ဆေးရာ ၎င်းအထုပ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများအား သိမ်းဆည်းရမိသဖြင့် နမစ(အင်တော)မယ(ပ)၁၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၆-၁၀-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၈၁၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၀၅၅)ဦး၊ မ(၂၀၃)ဦး၊ ပေါင်း(၁၂၅၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၇၀၄၉.၁၃၉၄)ဂရမ်၊ ICE (၁၃၄၁.၉၂) ဂရမ်၊ ဘိန်း(၃၉၉၁၄.၁၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၂၉၃၄.၉၂)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၅၁၁၄၉)ပြား၊ ဆေးခြောက်(၈၃၆၃.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅) ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း မက္ကဆီကိုနိုင်ငံ၏ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများ လေ့လာ



**နေပြည်တော် အောက်တိုဘာ ၂၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ကမ္ဘာ့ဘဏ်၏ အစီအစဉ်ဖြင့် မက္ကဆီကိုနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မက္ကဆီကိုနိုင်ငံ၏ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သွားရောက်လေ့လာခဲ့သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း မက္ကဆီကိုနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Jose De Luna Mertinez နှင့်တွေ့ဆုံပြီး နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများ၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မက္ကဆီကိုနိုင်ငံ၏ ဖွံ့ဖြိုးရေးဘဏ်များ ဖြစ်ကြသော ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် ဘဏ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ဆောင်ရွက်နေသည့်ဘဏ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ဆောင်ရွက်နေသည့် ဘဏ်၊ အခြေခံအဆောက်အဦစီမံကိန်းများအတွက် ဆောင်ရွက်နေသည့်ဘဏ်တို့ကို သွားရောက်လေ့လာရာ သက်ဆိုင်ရာဘဏ်အကြီးအကဲများနှင့် တာဝန်ရှိသူများက ဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းပြသကြသည်။

မက္ကဆီကိုနိုင်ငံသည် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၏ အခြေခံအဆောက်အဦဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသို့ ချေးငွေထောက်ပံ့မှုအစီအစဉ်များကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် မျက်စိရောဂါပညာညီလာခံကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်အဖွဲ့က ကြီးမှူး၍ (၃၁)ကြိမ်မြောက် မျက်စိရောဂါပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံ မျက်စိရောဂါပညာအဖွဲ့အနေဖြင့် အဖွဲ့ဝင်များ နှစ်စဉ်တိုးတက်လျက်ရှိသည့် ညီလာခံများနှင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ပုံမှန်ကျင်းပသွားခြင်းဖြင့် တစ်ဦးချင်းစီ၏ဆေးပညာတိုးတက်မှု အတွေ့အကြုံများကို သက်ဆိုင်ရာဆေးရုံများ၌ ဆောင်ရွက်ကြပြီး ဒေသခံပြည်သူများအတွက် မျက်စိအထူးကုဆရာဝန်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြင့်နှင့် မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်ဥမ္မာခိုင်တို့က အမှာစကားပြောကြားကြပြီး မျက်စိရောဂါဆိုင်ရာ ဆေးကုမ္ပဏီပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကလေးကင်ဆာအထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးခိုင်က ကလေးမျက်စိကင်ဆာရောဂါအား ဆေးသွင်းကုသခြင်းအကြောင်း စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံမျက်စိဆရာဝန်အသင်း နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမှုဆောင်ရွေးချယ်ခြင်းနှင့် သက်ကြီးဆရာဝန်ကြီးများအား ကန်တော့ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ကလေးများတွင် ဖြစ်ပွားသော မျက်လုံးအိမ်ကင်ဆာများအကြောင်း၊ မျက်လုံးအတွင်း ကင်ဆာမဟုတ်သော လက္ခဏာများ၊ ပုံမှန်မဟုတ်သော ဦးခေါင်းအနေအထားများကို လေ့လာခြင်း၊ မျက်စိစွေစောင်းရောဂါနှင့် ခွဲစိတ်ခြင်းဆိုင်ရာ အချက်အလက်များ၊ မွေးရာပါ အာရုံကြောချို့ယွင်းခြင်း၊ မျက်စိတွင် ဖြစ်တတ်သော ကင်ဆာရောဂါများအကြောင်းနှင့် ဓာတ်ရောင်ခြည်ကုသခြင်း အခန်းကဏ္ဍ၊ မျက်ကြည်လွှာရောဂါနှင့် အတွင်းတိမ်ရောဂါပူးတွဲ ခံစားနေရသောလူနာများအား ကုသနည်း၊ မျက်ကြည်လွှာအနာ ကုသနည်း၊ မျက်သားတက်ခြင်း၏ နောက်ဆုံးပေါ်ကုသနည်း၊ ကလေးအချင်းဖြင့် အစားထိုးခွဲစိတ်ကုသနည်း၊ ဆီးချိုမျက်စိရောဂါနှင့် ရေတိမ်ရောဂါတို့အတွက် နောက်ဆုံးကုသနည်း စာတမ်းများကို ဖတ်ကြားကြသည်။

မျက်စိရောဂါ ညီလာခံကို အောက်တိုဘာ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စာတမ်းပေါင်း ၄၅ စောင်ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

**သတင်း-ဥမ္မာသန့် ၊ ဓာတ်ပုံ-ရဲထွန်း**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံ ရုပ်ရှင်အမျိုးသားမော်ကွန်းတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံရှိ တိုဟိုစတူဒီယို၊ ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်အမျိုးသားမော်ကွန်းတိုက်များတွင် ကြည့်ရှုလေ့လာ

**တိုကျို အောက်တိုဘာ ၂၉**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် တိုကျိုမြို့ရှိ တိုဟိုစတူဒီယိုသို့ သွားရောက်ပြီး ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်ရန် ကြိုတင်ပြင်ဆင်မှုမှစ၍ ထုတ်လုပ်ပြီးချိန်အထိ လုပ်ငန်းစဉ်များကို လေ့လာကြသည်။

**အကြီးဆုံးအသံသွင်းလုပ်ငန်း**

တိုဟိုစတူဒီယိုသည် ၁၉၃၄ ခုနှစ်မှစ၍ တိုဟိုရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းအဖြစ် ပေါ်ပေါက်ခဲ့ရာမှ တီထွင်ဆန်းသစ်မှုများဖြင့် အစဉ်တစိုက် ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် ဂျပန်နိုင်ငံ၏ အကြီးဆုံးအသံသွင်းလုပ်ငန်းနှင့် ခေတ်မီထုတ်လုပ်ရေးစင်တာကြီးအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်ရုပ်ရှင်သင်တန်းကျောင်း (Japan Institute of the Moving Image) သို့ သွားရောက်ကြပြီး ရုပ်ရှင်သမိုင်းနှင့် ယဉ်ကျေးမှု၊ သီအိုရီနှင့် ဘာသာရပ်များ သင်ကြားပို့ချမှုနှင့် လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါရုပ်ရှင်သင်တန်းကျောင်းသည် ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးကဏ္ဍတွင် တစ်ဦးချင်းမှစ၍ စွမ်းဆောင်ရည်တိုးမြင့်စေရန်၊ နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေးကို အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ရုပ်ရှင်သရုပ်ဖော်ပညာနှင့် မှတ်တမ်းတင်ခြင်း၊ ရိုက်ကူးခြင်း၊ အသံဖမ်းခြင်းနှင့် တည်းဖြတ်ခြင်း၊ ကျိုးကြောင်းဆက်စပ်၍ ဇာတ်ညွှန်းရေးသားခြင်း ဘာသာရပ် သုံးခုကို လေးနှစ်ကြာဆက်နွှယ်သင်ကြားပို့ချမှုဖြင့် ဘွဲ့ဒီဂရီပေးအပ်လျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံရုပ်ရှင်အမျိုးသားမော်ကွန်းတိုက် (National Film Archive of Japan) သို့ ရောက်ရှိပြီး ရုပ်ရှင်ဇာတ်လမ်း၊ ဇာတ်ညွှန်းမူရင်းများ၊ ရုပ်ရှင်ပိုစတာမူရင်းများ၊ ရိုက်ကွင်းမှတ်တမ်းဓာတ်ပုံများ၊ ရုပ်ရှင်ကင်မရာများ၊ ရုပ်ရှင်သရုပ်ဆောင်များ၏ ကိုယ်ရေးအချက်အလက်များ၊ ရုပ်ရှင်ဇာတ်ကားများတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများ၊ သမိုင်းဝင်ယဉ်ကျေးမှုလက်ရာ ရုပ်ရှင်ဇာတ်ကားများ စုစည်းပြသထားမှုကို ကြည့်ရှုလေ့လာကြသည်။

ယင်းမော်ကွန်းတိုက်သည် ယခင်အမျိုးသားရုပ်ရှင်ဗဟိုဌာန (National Film Center) ဖြစ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ခေတ်မီအနုပညာအမျိုးသားပြတိုက် (National Museum of Modern Art) အဖြစ် အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုပ်ရှင်ဇာတ်လမ်းလေးသောင်းခန့်နှင့် အခြားအနုပညာပစ္စည်းများ စုစည်းပြသထားသည့် လွတ်လပ်သော လူထုအခြေပြုဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာတွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ရန်ကုန်တက္ကသိုလ်၏ နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်ပွဲတော်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ပြင်ဆင်လျက်ရှိရာ ရာပြည့်သဘင်ပွဲတော်ဆိုင်ရာ အခမ်းအနားများ၊ အထိမ်းအမှတ်စာစောင်နှင့် မဂ္ဂဇင်းများ၊ အမှတ်တရပစ္စည်းများ ထုတ်ဝေရာတွင် အသုံးပြုမည့် ရာပြည့်ပွဲတော်အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းအတွက် ပြိုင်ပွဲဝင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

**ဦးတည်ချက်**

အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းရေးဆွဲရာတွင် ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်၏ ဦးတည်ချက်များဖြစ်သော

- မြန်မာနိုင်ငံ၏ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ထိန်းသိမ်းမြှင့်တင်ရေး၊
- ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူပြုစေရေး၊
- နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့် လိုက်လျောညီထွေဖြစ်သည့် အရည်အသွေးရှိသော တက္ကသိုလ်ပညာရေးကို ဖော်ဆောင်ရေး၊
- ပညာအခြေပြုလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေး၊
- နိုင်ငံ့ကောင်းကျိုး၊ ကမ္ဘာ့ကောင်းကျိုးကို ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဖြစ် ဦးတည်အကောင်အထည်ဖော်ရေး

ဟူသောအချက်များကို ထင်ဟပ်၍ ရန်ကုန်တက္ကသိုလ်၏ Vision, Mission များကို လွယ်ကူစွာ တင်စားဖော်ဆောင်နိုင်ပြီး တင်စားမှုအနုပညာမြောက်သော ခေတ်မီသည့် ဒီဇိုင်းဖြစ်ရမည်။

**အရွယ်အစား**

ပြိုင်ပွဲဝင်အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းများသည် ၁၀ လက်မ x ၁၂ လက်မအရွယ်ဖြစ်ပြီး တံဆိပ်ခေါင်းအရွယ်အထိ အကျဉ်းချုံးနိုင်သောပုံဖြစ်ရမည် ။ ပုံများကို ရေးဆွဲရာတွင် နှစ်သက်ရာ ဆေး၊ နှစ်သက်ရာနည်းစနစ်ကို အသုံးပြုနိုင်ပြီး၊ မိမိကိုယ်ပိုင်စိတ်ကူးနှင့် ကိုယ်တိုင်ရေးဆွဲသောပုံ ဖြစ်ရမည်။ ပြိုင်ပွဲဝင်အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းပုံ၏ နောက်ကျောတွင် အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြပါရှိရမည်။

**ဆုငွေ**

ပြိုင်ပွဲဝင်အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းပုံများကို ရွေးချယ်ရေးအဖွဲ့က စိစစ်၍ အကောင်းဆုံးပုံတစ်ပုံကိုသာ ရွေးချယ်ပြီး ဆုငွေကျပ် ငါးသိန်း (၅၀၀၀၀၀) ချီးမြှင့်မည်ဖြစ်သည်။

**ပေးပို့ရမည်**

ပြိုင်ပွဲဝင်ပုံများကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက် နောက်ဆုံးထား၍ ဒေါက်တာဇော်စိုးမင်း (ph:095137554)၊ ပါမောက္ခ၊ သမိုင်းဌာန၊ ဝေဿလီဆောင် ရန်ကုန်တက္ကသိုလ်သို့ ပေးပို့ရမည်ဖြစ်သည်။ **သတင်းစဉ်**

# ကိုရီးယားနိုင်ငံ NALBAL ရိုက်ကူးရေးအဖွဲ့ နေပြည်တော် ပတ်ဝန်းကျင်နေရာများရှိ စီမံကိန်းလုပ်ငန်းများအား သတင်းမှတ်တမ်း ရိုက်ကူး

**ရန်ကုန် အောက်တိုဘာ ၂၉**
မြန်မာနိုင်ငံ၏ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ပေါကြွယ်ဝမှုများနှင့် မြန်မာလူမျိုးတို့၏ လူနေမှုဘဝများကို ပြည်ပနိုင်ငံအသီးသီးမှ ရုပ်သံရိုက်ကူးရေးအဖွဲ့များက လာရောက်ရိုက်ကူးလျက်ရှိကြရာ အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကိုရီးယားနိုင်ငံ NALBAL ရိုက်ကူးရေးအဖွဲ့က ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပတ်ဝန်းကျင်တွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းနေရာများသို့ သတင်းမှတ်တမ်းလာရောက်ရိုက်ကူးခဲ့သည်။

အဆိုပါအဖွဲ့သည် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)တွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ အစီအစဉ်ဖြင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း(Myanmar Development Institute – MDI ) က စီမံကိန်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းနေရာများကိုလည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်နှင့် နေဝင်ချိန်ရှုခင်းများကို လည်းကောင်း ရိုက်ကူးခဲ့ကြပြီး ယင်းရိုက်ကူးခဲ့သည့် သတင်းမှတ်တမ်းများကို ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ကျင်းပမည့် ASEAN–Republic of KOREA Commemorative Summit တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ကိုရီးယားနိုင်ငံ NALBAL ရိုက်ကူးရေးအဖွဲ့က မြန်မာဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အင်တာဗျူးမေးမြန်းစဉ်။

KBZ BANK
KBZ BANK ၏ ပူးပေါင်းကူညီမှုဖြင့်
အိမ်ခြံမြေ ကုမ္ပဏီများစုပေါင်း၍ အိမ်ရာပေါင်းများစွာပြသမည့် အိမ်ခြံမြေ အရောင်းပြပွဲကြီး
ရွှန်းလဲ့ရောင်ခြည်
ရွှေဥဒေါင်းမင်း
ထက်အောင်သျှိုင်း
MYANMAR RAY
မင်းမဟာ
ဇလပ်ပွင့်
နေ့ရက် - ၂.၁၁.၂၀၁၉(စနေနေ့)/ ၃.၁၁.၂၀၁၉(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀ နာရီမှ ညနေ ၅း၀၀ နာရီ
နေရာ - KBZ Bank ၊ သင်္ဃန်းကျွန်းဘဏ်ခွဲ(၁) ၊ အမှတ်(၂၃)၊ လေးထောင့်ကန်လမ်းနှင့် ဝေနုလမ်းထောင့် (Junction ဝေနုအနီး)၊ Tosta Tower ၊ သင်္ဃန်းကျွန်းမြို့နယ်၊

# မြန်မာ E-Sports အဖွဲ့ ဖိလစ်ပိုင်ဆီးဂိမ်းသို့ ဝင်ရောက်ယှဉ်ပြိုင်မည်



**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) သို့ ဝင်ရောက်ယှဉ်ပြိုင်သွားရန် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

**အကောင်းဘက်သို့ ဦးတည်**

"အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အီလက်ထရွန်နစ်အားကစားသမားများအဖြစ် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်တဲ့အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခုလို ပါဝင်လာခြင်းဟာ E-Sports အားကစားအတွက် အလွန်ကြီးမားတဲ့ အကောင်းဘက်ကို ဦးတည်ပြီး နောင်လာမယ့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာသာမက အာရှအားကစားပွဲတော်၊ အိုလံပစ် အားကစားပွဲတော်တွေမှာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် မျှော်လင့်ချက်တစ်ခု ထွက်ပေါ်လာခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အီလက်ထရွန်နစ် အားကစားအဖွဲ့ချုပ် (MESF) ဒု-ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် ဆီးဂိမ်းတွင် အီလက်ထရွန်နစ် အားကစားနည်း စုစုပေါင်းနည်း ခြောက်မျိုး ပါဝင်မည်ဖြစ်ပြီး ယင်းအားကစားနည်း ခြောက်နည်းအနက်မှ မြန်မာနိုင်ငံအနေဖြင့် ကစားသမားလူဦးရေအများဆုံးနှင့်အသင်းအင်အား၊ ပရိသတ်အင်အားအကောင်းဆုံး ဖြစ်သည့် Multiplayer Online Battle Arena-MOBA ဂိမ်းအမျိုးအစားဖြစ်သော DOTA 2-PC ဂိမ်းအမျိုးအစားနှင့် Mobile Legends: Bang Bang မိုဘိုင်းဖုန်းဂိမ်း အမျိုးအစားနှစ်မျိုးမှ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အီလက်ထရွန်နစ်အားကစားအဖွဲ့ချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များ၊ ကျောင်းသားလူငယ်များ၊ အားကစားသမားများနှင့် ဖွဲ့စည်းထားသည့် အားကစားအဖွဲ့အစည်းဖြစ်ကြောင်း၊ နောင်လာမည့်နှစ်များတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၊ အိုလံပစ်အားကစားပြိုင်ပွဲများတွင် မြန်မာအီလက်ထရွန်နစ် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ အီလက်ထရွန်နစ်အားကစားအဖွဲ့ချုပ် (MESF) ကို သက်ဆိုင်ရာဝန်ကြီးဌာန ထောက်ခံချက်များဖြင့် E-Sports ဆိုင်ရာ တရားဝင်ခွင့်ပြုချက်လိုင်စင်များဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အကြိမ် (၃၀)မြောက် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ဘော်ဒါဖလား မြန်မာ့ရိုးရာခြင်းလုံးဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၉ ခုနှစ် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဘော်ဒါဖလား မြန်မာ့ရိုးရာခြင်းလုံးဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှဋ္ဌေးက "ဒီပြိုင်ပွဲမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအလိုက် လာရောက်ယှဉ်ပြိုင်ကြတဲ့အပြင် အသင်းလိုက် လာရောက်ယှဉ်ပြိုင်ကြတာတွေလည်း ရှိပါတယ်။ ပြိုင်ပွဲအမျိုးအစား လေးမျိုးနဲ့ ကျင်းပဖြစ်ပါတယ်"ဟု ပြောသည်။

ပြိုင်ပွဲတွင် တံခွန်စိုက်ဆယ်ပေါက်တန်းပြိုင်ပွဲ၊ ခြောက်ပေါက်တန်းအမျိုးသားပြိုင်ပွဲ၊ လေးပေါက်တန်းအမျိုးသားပြိုင်ပွဲ၊ လေးပေါက်တန်းအမျိုးသမီးပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား လေးမျိုးကို ပြိုင်ပွဲဝင်အသင်း ၂၁ သင်းက နိုဝင်ဘာ ၂ ရက်အထိ ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

မြင်းခြံမြို့နယ် ဋ္ဌေးရတနာရိုးရာခြင်းလုံးအသင်းမှ ကိုခိုင်ဇော်မင်းက "ရိုးရာခြင်းနဲ့ ဆုတွေရရှိခဲ့ဖူးပါတယ်။ အခုလို ပြိုင်ပွဲတွေ များများကျင်းပပေးရင် ကစားသမားတွေအတွက် အရည်အချင်းပိုင်းနဲ့ ပိုင်နိုင်မှုစွမ်းရည်တွေ မြင့်လာစေမှာဖြစ်တဲ့အပြင် လူငယ်မျိုးဆက်သစ်ကစားသမားတွေလည်း ပေါ်ထွက်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။



ပညာရေးကဏ္ဍတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားပြန့်ပွားလာစေရန်အတွက် အခြေခံပညာကျောင်းပေါင်းစုံပြိုင်ပွဲများကို ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ နေပြည်တော်နှင့် ကရင် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတို့၌ ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌ ဦးလှဋ္ဌေးထံမှ သိရသည်။ **သတင်း- ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံက မျှဝေဆောင်ရွက်လိုသည့် သတင်းအချက်အလက်များနှင့် အသိပညာ၊ ဗဟုသုတများကို အင်္ဂလိပ်ဘာသာပြန်ဆို၍ ကမ္ဘာတစ်ဝန်း ဖြန့်ဝေနိုင်ရေးအတွက် ဘာသာပြန်ဆိုသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာဘာသာမှ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်ရန်၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် သဘာဝရှုခင်းရှုကွက်များ၊ အထင်ကရနေရာများနှင့်ပတ်သက်၍ နိုင်ငံတကာမှ ပိုမိုနားလည်သဘောပေါက်လာစေရန်၊ အရည်အသွေးမြင့်မားသော ဘာသာပြန်စာပေများ ထွက်ပေါ်လာစေရန်နှင့် ဘာသာပြန်ကျွမ်းကျင်သူများ စုပေါင်း၍ ဘာသာပြန်အသင်းတစ်သင်း ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ ဘာသာပြန်လုပ်ငန်းကို မျိုးဆက်သစ်လူငယ်များ စိတ်ဝင်စားပါဝင်လာစေရန်တို့ကို ရည်ရွယ်ပြီး "မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း စာတမ်းဖတ်ပွဲ" ကို နိုဝင်ဘာ (၂)ရက်နှင့် (၃)ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုဝေးခန်းမတွင် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲပထမနေ့တွင် သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာအောင်ကြီး၊ ဒေါက်တာကျော်ဂင်းနှင့် ဒေါက်တာဇော်ထွန်းတို့က ဆောင်ရွက်သွားမည်ဖြစ်ပြီး စာတမ်းရှင်များအဖြစ် ဒေါက်တာအောင်ကြီးက "မဲဇာတောင်ခြေရတုအင်္ဂလိပ်ဘာသာပြန်ဆိုချက်များကို နှိုင်းယှဉ်လေ့လာခြင်း"စာတမ်းကို လည်းကောင်း၊ ဒေါက်တာဇော်ထွန်းက "ချိုမြမြပျားရည်စက်ကို The Sweet Honey Drop အဖြစ်ခံစားခြင်း"စာတမ်းကို လည်းကောင်း၊ ဒေါက်တာမြင့်ဇံက "ဥပဒေဆိုင်ရာအသုံးအနှုန်း အယူအဆများကို မြန်မာမှ အင်္ဂလိပ်ဘာသာပြန်ဆိုမှု စိုးစဉ်းမျှ တစေ့တစောင်း"စာတမ်းကို လည်းကောင်း၊ ဦးမောင်လှိုင်က "မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ရေးနှင့် မျိုးဆက်သစ်တို့၏ အခန်းကဏ္ဍ"စာတမ်းကို လည်းကောင်း အသီးသီးဖတ်ကြားသွားမည်ဖြစ်သည်။

ဒုတိယနေ့တွင် သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာတိုးလှ၊ ဦးအေးချို၊ ဒေါက်တာတင်လှိုင်နှင့် မောင်သာမည တို့က ဆောင်ရွက်သွားမည်ဖြစ်ပြီး စာတမ်းရှင်များအဖြစ် ဒေါက်တာတင်လှိုင်က "ရိုးရှင်းအင်္ဂလိပ်စာနှင့် ဘာသာပြန်အတွေ့အကြုံများ"စာတမ်းကို လည်းကောင်း၊ ဦးချိုထွန်းက "သတင်းဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာအင်္ဂလိပ်ဘာသာပြန် အတွေ့အကြုံနှင့် အတွေးအမြင်"စာတမ်းကို လည်းကောင်း၊ ဦးမြထွန်းက "အချိန်တိုအတွင်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည့်အတွေ့အကြုံများ"စာတမ်းကို လည်းကောင်း၊ ဦးညွန့်ဝေမိုးက "ဘာသာပြန်နှင့် ဘာသာစကားအမြင်" စာတမ်းကို လည်းကောင်း၊ ဦးအေးမင်းစိုးက"သတင်းအင်္ဂလိပ်ဘာသာပြန်ဆိုခြင်းကို ဆန်းစစ်လေ့လာခြင်း"စာတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြားသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲသို့ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ(ရန်ကုန်)၊ ဖုန်း - ၀၁၈-၃၈၇၅၆၈၊ Email- rnddivisionyangon@gmail.com တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# သတင်းတု စောင့်ကြည့်ရေးဌာနဖွင့်လှစ်ရန် ထိုင်းစီစဉ်

**ဗန်ကောက် အောက်တိုဘာ ၂၉**
ဆိုက်ဘာလုံခြုံရေးကို ပိုမိုဆောင်ရွက်ရန်ကြိုးစားသည့် နောက်ဆုံးအာရှနိုင်ငံ တစ်နိုင်ငံအဖြစ် ထိုင်းနိုင်ငံသည် သတင်းတု၊ သတင်းမှားများကို တိုက်ဖျက်ရန်အတွက် ပထမဆုံး သတင်းတုစောင့်ကြည့်ရေးဌာနကို ဖွင့်လှစ်ရန် စီစဉ်နေကြောင်း ထိုင်းဝန်ကြီးတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။ တက်ကြွလှုပ်ရှားသူများက ယင်းဌာနသည် ဝေဖန်ရေးသမားများကို ပစ်မှတ်ထားနိုင်ရန်အတွက် ဗန်းပြထားသည့် ဌာနဖြစ်လာမည်ကို စိုးရိမ်ကြသည်။

သတင်းတု တိုက်ဖျက်ရေးဌာနသည် ဉာဏ်ရည်တု နည်းပညာနှင့် လေ့ကျင့်ပေးထားသည့် စောင့်ကြည့်သူများကို အသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုမှသည် အစိုးရမူဝါဒများအထိ အရာအားလုံးကို စောင့်ကြည့်ရန်အတွက် သောကြာနေ့မှစ၍ လုပ်ငန်းများစတင်မည်ဖြစ်ကြောင်း ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီး ဘက်ဒီပေါင်ဆီပန်နာကန်တာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ နိုင်ငံတိုင်းသည် သတင်းတုပြဿနာကိုရင်ဆိုင်နေရကြောင်း၊ အထူးသဖြင့် ထိုင်းပြည်သူများသည် ယင်းပြဿနာကို ရင်ဆိုင်နေရကြောင်း ဝန်ကြီး ဘက်ဒီပေါင်ဆီက ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာကို လုပ်ငန်းစီမံကိန်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထိုင်းထီးနန်းကို သစ္စာခံသည့် ထိုင်းအစိုးရသည် ထိုင်းဘုရင်စနစ်အကြောင်း ပြည်သူလူထု၏ဆွေးနွေးမှုများကို အနီးကပ်စောင့်ကြည့်ရင်း အမြင်မတူမှုများကို နှိမ်နင်းနေကြောင်း အခွင့်အရေးလှုပ်ရှားသူအုပ်စုများက ပြောသည်။

အွန်လိုင်းနှင့် ဆိုရှယ်မီဒီယာတွင် လွှင့်တင်ထားသည့် ပို့စ်များ၏ ၈၀ ရာခိုင်နှုန်းနီးပါးသည် အမှားများ သို့မဟုတ် လှည့်စားမှုများဖြစ်ကြောင်း ဝန်ကြီးဘက်ဒီပေါင်ဆီကပြောသည်။ ယင်းဌာနသစ်တွင် ဖေ့စ်ဘွတ်စာမျက်နှာတစ်ခု၊ Line အပလီကေးရှင်းဖြင့် မက်ဆေ့ပေးပို့သည့်အဖွဲ့နှင့် ဝက်ဘ်ဆိုက်တစ်ခုရှိပြီး ထိုဝက်ဘ်ဆိုက်တွင် ယင်းဌာန၏ ရှာဖွေတွေ့ရှိချက်ဥပမာများကို ထုတ်ပြန်ဖော်ပြထားမည်ဖြစ်သည်။ ဆိုရှယ်မီဒီယာ အသုံးပြုသူများသည် အကြံပြုချက်များ ပေးပို့နိုင်မည်ဖြစ်သည်။

ယင်းဌာနသစ်သည် အမြင်မတူမှုများကို စောင့်ကြည့်သည့်ဌာနဖြစ်လာနိုင်သည်ဟု အရပ်ဘက်အသိုင်းအဝိုင်းမှ စွပ်စွဲပြောဆိုချက်များကို ဝန်ကြီး ဘက်ဒီပေါင်ဆီက ခါးခါးသီးသီး ငြင်းပယ်သည်။ မိမိတို့အနေဖြင့် နိုင်ငံရေးကိစ္စများနှင့် အစိုးရကိုဆန့်ကျင်သူများကိုသာ စောင့်ကြည့်မည်မဟုတ်ဟု ဝန်ကြီးက ပြောသည်။ သို့သော်လည်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ အကြီးတန်းသုတေသနပညာရှင် ဆူနိုင်ဖာဆုက ယင်းဆောင်ရွက်ချက်သည် ဆင်ဆာလုပ်ရန်အတွက် ကိရိယာတစ်ခုသာ ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တင်းကျပ်မှုသည် ပို၍ပင်တင်းကျပ်လာနေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**






# ဟောင်ကောင် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ရွေးကောက်ပွဲမှ တားမြစ်ခံရ

**ဟောင်ကောင် အောက်တိုဘာ ၂၉**
ဟောင်ကောင်၏ အထင်ရှားဆုံး ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ဂျိုရှူဝါဝေါင်သည် လာမည့်လတွင်ကျင်းပမည့် ဒေသဆိုင်ရာ ရွေးကောက်ပွဲတွင် ဝင်ပြိုင်ရန် အရည်အချင်းပျက်ယွင်းသည်ဟု သတ်မှတ်ခံရသည်။

မိမိ၏အမည်စာရင်းတင်သွင်းမှုကို တရားမဝင်ဟုသတ်မှတ်သည့် အကြောင်းကြားစာကို ရွေးကောက်ပွဲကော်မရှင်က မိမိထံပေးပို့ခဲ့ကြောင်း ဂျိုရှူဝါဝေါင်က ပြောကြားသည်။ သူသည် နိုဝင်ဘာလတွင် ကျင်းပမည့် ခရိုင်ရွေးကောက်ပွဲများတွင် တားမြစ်ခံရသည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်။

ဒီမိုကရေစီလှုပ်ရှားမှုခေါင်းဆောင်တစ်ဦးအဖြစ် ဂျိုရှူဝါဝေါင်သည် လွန်ခဲ့သည့်ငါးနှစ်မှစ၍ လူသိများထင်ရှားလာသူဖြစ်သည်။ အာဏာပိုင်များက ၂၀၁၆ ခုနှစ်က ရွေးကောက်ပွဲယှဉ်ပြိုင်သူများအား စိစစ်မှုကို တင်းကျပ်ခဲ့ပြီး ၎င်းတို့အနေဖြင့် လွတ်လပ်မှုကို ထောက်ခံသူမည်သူကိုမဆို ရွေးကောက်ခံခြင်းမှ ငြင်းပယ်နိုင်ကြောင်း ပြောကြားသည်။ ယင်းဥပဒေပြုရွေးကောက်ပွဲတွင် ယှဉ်ပြိုင်သူခြောက်ဦးကို လများစွာကြာပြီးနောက် တားမြစ်ခဲ့သည်။ စောင့်ကြည့်လေ့လာသူများက ယခုဆုံးဖြတ်ချက်သည် ငါးလနီးပါးကြာမြင့်နေပြီဖြစ်သည့် ဒီမိုကရေစီထောက်ခံဆန္ဒပြပွဲများ ဖြစ်ပွားပြီးနောက် ပြည်သူလူထု၏ အမျက်ဒေါသကို မီးလောင်ရာလေပင့်ဖြစ်စေနိုင်ကြောင်း ပြောကြားကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ဖိလစ်ပိုင်၌ ငလျင်လှုပ်၊ လူနှစ်ဦးထက်မနည်းသေဆုံး၊ အများအပြားဒဏ်ရာရ

**မနီလာ အောက်တိုဘာ ၂၉**
ဖိလစ်ပိုင်နိုင်ငံတောင်ဘက် ကိုတာဘာတိုပြည်နယ်တွင် အောက်တိုဘာ ၂၉ ရက်က ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူနှစ်ဦးထက်မနည်းသေဆုံးပြီး ရာနှင့်ချီဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ပြိုကျသောအကျိုးအပဲ့များကြောင့် ကိုတာဘာတိုပြည်နယ်တောင်ဘက် ကိုရိုနာဒါလ်မြို့တွင် အသက် ၆၆ နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးပြီး ဒါဗိုးဒယ်လ်ဆူပြည်နယ် မက်ဂ်ဆေးဆေမြို့တွင် အသက် ၁၅ နှစ်အရွယ် ယောက်ျားလေးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အတူ ကိုတာဘာတိုပြည်နယ် ကီဒါပါဝန်နှင့် မလန်မြို့တို့တွင်လည်း ငလျင်ဒဏ်ကြောင့် လူ ၄၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါ ငလျင်သည် ကိုတာဘာတိုပြည်နယ် တူလူနာမြို့မှ အရှေ့တောင်ဘက် ၂၅ ကီလိုမီတာခန့်အကွာ မြေအောက်အနက် ခုနစ် ကီလိုမီတာခန့်တွင်ဗဟိုပြုပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄ မိနစ်ခန့်က လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ဒေသဆိုင်ရာရဲတပ်ဖွဲ့၏အဆိုအရ ငလျင်ဒဏ်ကြောင့် မက်ဂ်ဆေးဆေမြို့တွင် မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ တစ်ဦးသေဆုံးပြီး နှစ်ဦးထက်မနည်းပျောက်ဆုံးကာ အခြားလူ ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ ကီဒါပါဝန်မြို့၊ ဆာရန်ဂါနီပြည်နယ်၊ ဒါဗိုးမြို့၊ ကိုရိုနာဒါလ်မြို့၊ ကာဂါယန်ဒီအိုရိုမြို့၊ ဂျနရာလ်ဆန်တော့စ်မြို့၊ ဇမ်ဘောင်ဂါမြို့နှင့် ဘူကစ်သ်နွန်ပြည်နယ်တို့သည် အဆိုပါငလျင်ဒဏ်ကို ပြင်းထန်စွာခံခဲ့ရပြီး ဒေသခံပြည်သူများသည် ၎င်းတို့၏ နေအိမ်နှင့် အဆောက်အအုံများမှ အပြင်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ငလျင်ဒဏ်သင့်ဒေသများတွင် လျှပ်စစ်ဓာတ်တိုင်များပြိုလဲပြီး လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားကာ ပြတင်းပေါက်မှန်များလည်း အစိတ်စိတ်အမြွှာမြွှာ ကွဲအက်ခဲ့သည်။ ဒေသဆိုင်ရာ ဆေးရုံတစ်ရုံရှိ လူနာများကိုလည်း ဘေးကင်းလုံခြုံရေးအတွက် ဆေးရုံမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊**
**ဘာသာပြန် - ဂျေတီ**



# တရုတ်၌ တည်ဆောက်ဆဲ မြေအောက်ကားပါကင်ပြိုကျ ရှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ကွေ့ရန် အောက်တိုဘာ ၂၉**
တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အောက်တိုဘာ ၂၈ ရက်က အဆောက်အအုံ ပြိုကျမှုတစ်ခုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ယနေ့ ပြောကြားလိုက်သည်။

ကွေ့ကျိုးပြည်နယ်၏မြို့တော် ကွေ့ရန်မြို့ရှိ တည်ဆောက်ဆဲမြေအောက်ကားရပ်နားရာ နေရာတစ်ခု ယမန်နေ့ ညနေ ၄ နာရီ ၂၀ မိနစ်တွင် ပြိုကျခဲ့ကြောင်း ခရိုင်အစိုးရအဖွဲ့ ပြန်ကြားရေးရုံးက ပြောကြားသည်။ မတော်တဆဖြစ်ပွားချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ စုစုပေါင်း လူ ၁၄ ဦး လုပ်ကိုင်နေချိန်ဖြစ်သည်။ လူသုံးဦး လွတ်မြောက်ခဲ့ပြီး တစ်ဦးကို ကယ်တင်နိုင်ခဲ့ကာ ကျန်ရှိသော လူ ၁၀ ဦးမှာ ပြိုကျအဆောက်အအုံအတွင်း ပိတ်မိခဲ့သည်။

ယနေ့ နံနက် ၃ နာရီတွင် ပိတ်မိနေသော အလုပ်သမား ၁၀ ဦးကို တွေ့ရှိခဲ့ပြီး လူရှစ်ဦးသေဆုံးကာ နှစ်ဦးမှာ ဒဏ်ရာရရှိခဲ့သည်။ အဆောက်အအုံပြိုကျရသည့် အကြောင်းရင်းနှင့်ပတ်သက်သော စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းရှိ ဗလီတစ်လုံး၌ လူတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်သဖြင့် နှစ်ဦးဒဏ်ရာရ

**ပါရီ အောက်တိုဘာ ၂၉**
ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘေယိုနေးမြို့မှ ဗလီတစ်လုံးတွင် အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူနှစ်ဦးဒဏ်ရာရခဲ့ပြီး ပစ်ခတ်သူအား ဖမ်းဆီးထားသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အောက်တိုဘာ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် သေနတ်သမားက ဗလီ၏ တံခါးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းသို့ ပစ်ခတ်သည်ကို အခြားလူနှစ်ဦးကတွေ့ခဲ့ပြီး တားဆီးရန် ကြိုးပမ်းစဉ် ၎င်းတို့ နှစ်ဦး သေနတ်ကျည်ဆန်ထိမှန်ဒဏ်ရာရခဲ့ကြောင်း ဒေသခံ စီရင်စု အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

သေနတ်ဖြင့် ပစ်ခတ်သူသည် မော်တော်ယာဉ်တစ်စီးဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ပြီး လက်စ်လန်းဒ် အရပ်ရှိ ၎င်း၏ နေအိမ်အနီးတွင် အဖမ်းခံခဲ့ရကြောင်း ယင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

ဒဏ်ရာရရှိသွားသူနှစ်ဦးမှာ အသက် (၇၈) နှစ်နှင့် (၇၄)နှစ်အရွယ် အမျိုးသားများဖြစ်ပြီး ၎င်းတို့အား ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုပေးထားသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

သေနတ်ဖြင့်ပစ်ခတ်သူမှာ အသက်(၈၀)ကျော် အဘိုးအိုတစ်ဦးဖြစ်ပြီး ၎င်းသည် ၂၀၁၅ ခုနှစ်တွင် ကျင်းပသော ပြည်နယ်ရွေးကောက်ပွဲ၌ မာရင်းလီပန်းဦးဆောင်သော လက်ယာယိမ်းပါတီမှ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်ကြောင်း ဒေသတွင်း သတင်းများ၌ ဖော်ပြသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း**

# အီရန်၏ ခြိမ်းခြောက်မှုအပေါ် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု သတိပေး

**ဂျေရုဆလင်  အောက်တိုဘာ ၂၉**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် အောက်တိုဘာ ၂၈ ရက်က အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန္နူချင်အား လက်ခံတွေ့ဆုံခဲ့ပြီး ဒေသတွင်းအီရန်၏ခြိမ်းခြောက်မှုအပေါ် သတိပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံစဉ် နေတန်ယာဟုက အီရန်နိုင်ငံသည် အစ္စရေးနိုင်ငံအား ပစ်မှတ်ထားတိုက်ခိုက်ရန် ရည်ရွယ်လျက် အချို့နိုင်ငံများ၌ ၎င်း၏ ဒုံးကျည်များကိုဖြန့်ကြက်ရန် စီစဉ်ထားသည်ဟု မန္နူချင်အား ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ ပစ်မှတ်များအား တိုက်ခိုက်နိုင်စွမ်းရှိသည့် ပဲ့ထိန်းဒုံးကျည်များကို တည်ဆောက်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသလို ဒုံးကျည်လက်နက်များကို အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် ဖြန့်ကြက်ထားရန် စီစဉ်ထားကြောင်း နေတန်ယာဟုက ဆက်လက်ပြောကြားသည်။

ထို့အပြင် အီရန်သည် ၎င်း၏မဟာမိတ်ဖြစ်သည့် ဟစ်ဇ်ဘိုလာအုပ်စုနှင့်အတူ လက်ဘနွန်နိုင်ငံ၌ ပဲ့ထိန်းဒုံးကျည်များထုတ်လုပ်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း နေတန်ယာဟုက စွပ်စွဲခဲ့သည်။

အီရန်နိုင်ငံ၏ ဒုံးကျည်များကို ယီမင်နိုင်ငံ၌ အဆင်သင့်ဖြန့်ကြက်ထားပြီးဖြစ်ရာ ယခုအခါ အီရန်နိုင်ငံသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဒေသတွင်းလုံခြုံရေးနှင့် အခြားနိုင်ငံများ၏ လုံခြုံရေးအပေါ် အများဆုံးခြိမ်းခြောက်သည့် နိုင်ငံအဖြစ် မိမိတို့ရှုမြင်ခဲ့ကြောင်း နေတန်ယာဟုက ထပ်မံပြောကြားသည်။

အစ္စရေးနိုင်ငံသည် အီရန်နိုင်ငံကို ၎င်း၏အဓိကရန်ဘက်အဖြစ် ရှုမြင်ထားသောကြောင့် ဆီးရီးယားနိုင်ငံအတွင်း သွားလာလှုပ်ရှားလျက်ရှိသည့် အီရန်တပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအုပ်စုအပေါ် ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှု အကြိမ်ပေါင်းရာနှင့်ချီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစ္စရေးအစိုးရသည် ဆီးရီးယားနိုင်ငံအတွင်း အီရန်၏ အမြဲတမ်းစခန်းများ တည်ရှိလာမည်ကို မလိုလားသောကြောင့် ဆီးရီးယားနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ ထို့ကြောင့် ဆီးရီးယားနိုင်ငံ၌ အီရန်၏အမြဲတမ်းတပ်ဖွဲ့ဖြန့်ကြက်မှုကို လက်သင့်ခံမည်မဟုတ်ဟု အစ္စရေးနိုင်ငံက ထပ်တလဲလဲ သတိပေးပြောဆိုခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**



အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန္နူချင်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

## အမေရိကန်၏ အဓိကရည်မှန်းချက်မှာ အိုင်အက်စ်အဖွဲ့ကိုဖြိုခွင်းရန်ဟု ကာကွယ်ရေးဝန်ကြီး အက်စပါပြော




အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါ

ဗိုလ်ချုပ်ကြီး မတ်ခ်မီလေး

**ဝါရှင်တန် အောက်တိုဘာ ၂၉**

သမ္မတဒေါ်နယ်ထရန့်က အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘာကာအယ်လ်ဘာဒါဒီ သေဆုံးမှုကို အသိအမှတ်ပြုသော်လည်း အမေရိကန်ကာကွယ်ရေးဆိုင်ရာတာဝန်ရှိသူများက အိုင်အက်စ်အဖွဲ့နှင့်ပတ်သက်၍ သတိထားနေကြသည်။ ပြီးခဲ့သော သီတင်းပတ်အတွင်း ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း၌ အမေရိကန်အထူးတပ်ဖွဲ့၏ စစ်ဆင်ရေးအတွင်း အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘာကာအယ်လ်ဘာဒါဒီသည် ဗုံးဖောက်ခွဲ၍ မိမိကိုယ်ကို လုပ်ကြံခဲ့ကြောင်း အမေရိကန်နိုင်ငံက ပြောကြားသည်။

ဘာဒါဒီကိုသုတ်သင်နိုင်မှုက အမေရိကန်နိုင်ငံအတွက် အလွန်ကောင်းမွန်သော သီတင်းပတ်ဖြစ်ကြောင်း ယမန်နေ့က အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့၌ ပြောကြားသည့်မိန့်ခွန်းတစ်ခုအတွင်း ဒေါ်နယ်ထရန့်က ဆိုသည်။ အမေရိကန်နိုင်ငံက ဘာဒါဒီ၏ရုပ်အလောင်းကို ဖယ်ရှားခဲ့ပြီးဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက်က ပြုလုပ်သည့် စစ်ဆင်ရေးဆိုင်ရာ ရှင်းလင်းပွဲ၌ အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မတ်ခ်မီလေးက ပြောကြားခဲ့သည်။

### ရှုပ်ထွေးနေဆဲဖြစ်

ရုပ်ကြွင်းများကို ပင်လယ်ပြင်၌ စွန့်ပစ်ခဲ့ဖွယ်ရှိကြောင်း အမေရိကန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ အိုင်အက်စ်အဖွဲ့က မည်သည့်တုံ့ပြန်မှုမျှ ပြုလုပ်ခြင်းမရှိသေးပေ။ အိုင်အက်စ်အဖွဲ့နောက်လိုက်များ၏ လက်စားချေတိုက်ခိုက်မှုများကြောင့် အသင့်အနေအထားရှိရန်လိုအပ်ကြောင်း ကမ္ဘာ့နိုင်ငံအချို့က ပြောကြားသည်။ ဆီးရီးယားနိုင်ငံ၌ လုံခြုံရေးအခြေအနေမှာ ရှုပ်ထွေးနေဆဲဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါက သတင်းထောက်များသို့ ပြောကြားခဲ့သည်။ အမေရိကန်တပ်မတော်၏အဓိကရည်မှန်းချက်မှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ဖြိုခွင်းရန်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အိုင်အက်စ်အဖွဲ့မှ အကြွင်းအကျန်အဖွဲ့ဝင်များကို ဖယ်ရှားရာတွင် ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် လာမည့်လတွင် နိုင်ငံတကာအစည်းအဝေးတစ်ရပ်ကျင်းပရန် အမေရိကန်အစိုးရက စီစဉ်နေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ဖိလစ်ပိုင်နိုင်ငံတွင် တတိယမြောက် ပိုလီယိုဗိုင်းရပ်စ် ကူးစက်ခြင်းခံရသောလူနာ တွေ့ရှိ

**မနီလာ  အောက်တိုဘာ ၂၉**

ဖိလစ်ပိုင်တောင်ပိုင်း မန်ဂွင်ဒါနိုပြည်နယ်မြို့တစ်မြို့တွင် ပိုလီယိုဗိုင်းရပ်စ် ကူးစက်ခြင်းခံရသော အသက်လေးနှစ်အရွယ် မိန်းကလေးတစ်ဦးကို တွေ့ရှိခဲ့ကြောင်း၊ နိုင်ငံအတွင်း တတိယမြောက်ဖြစ်ရပ်အဖြစ် တွေ့ရှိခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံက ကြေညာသည်။

ယခု ကလေးငယ်တွင်တွေ့ရှိရသော လက္ခဏာများမှာ ကိုယ်အပူချိန်တက်ခြင်း၊ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်းနှင့် ကြွက်သားနာကျင်ခြင်းတို့ဖြစ်ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီး ဖရန်စစ်ကိုဒူကူးက ပြောကြားသည်။ သက္ကရာဇ်၂၀၀၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံအား ပိုလီယိုရောဂါကင်းစင်သောနိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာပြီးနောက် ၁၉ နှစ်အကြာ ယခုအချိန်တွင် ဖိလစ်ပိုင်၌ ပိုလီယိုရောဂါ ပြန်လည်ဖြစ်ပွားလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက အတည်ပြု ပြောကြားခဲ့သည်။ ကိုဒူကူးက ပြောကြားရာတွင် ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များသည် ပိုလီယိုရောဂါဖြစ်ပွားမှု ထိန်းချုပ်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။ ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လာနိုဒယ်ဆာပြည်နယ်ရှိ သုံးနှစ်သားကလေးငယ်တွင် ပိုလီယိုဗိုင်းရပ်စ် တွေ့ရှိခဲ့ပြီးနောက် အဆိုပါရောဂါ ကူးစက်ပြန့်ပွားနေကြောင်း ကြေညာခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





# မယ်စဲ့မြို့နယ် နန့်ပိန်းလိန်ကြိုးပြင်ကာကွယ်တော အကွက်(၆၅)အတွင်းရှိ ဟိုဖကျေးရွာ အရှေ့ဘက်မှ တရားမဝင်ကျွန်းသစ် တန် ၇၀ ကျော် ဖမ်းမိ



**နေပြည်တော် အောက်တိုဘာ ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုသို့ဆောင်ရွက်ရာတွင် သစ်တောဝန်ထမ်းများအပါအဝင် တပ်မတော်သားများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အောက်တိုဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကယားပြည်နယ် မယ်စဲ့မြို့နယ် နန့်ပိန်းလိန်ကြိုးပြင်ကာကွယ်တောအကွက်(၆၅) ဟိုဖကျေးရွာအရှေ့ဘက်ရှိ ဟိုဖ-လယ်တော သွားလမ်းဘေးမှ ကျွန်းသစ် ၇၀ ဒသမ ၁၈ တန်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ရွှေကျင်ကြိုးဝိုင်းအတွင်း တာယာဘီးတပ် လှည်းနှစ်စီးပေါ်မှ ကျွန်းသစ် ၅ ဒသမ ၁၅၂၀ တန်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပခုက္ကူ - ရေဝတီတံတားပေါ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ အင်ခွဲသား ၇ ဒသမ ၁၃၇၂ တန်ကို ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား သစ်တောဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မောင်လူမော်

# မြိတ်၊ ကလောနှင့် လောက်ကိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက မြိတ်မြို့ တလိုင်းစုရပ်ကွက် တလိုင်းစု(၁)လမ်းထိပ်တွင်



သန်းလေးအား သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့် အတူတွေ့ရစဉ်။

ခင်မောင်ဝင်း(ခ)ဟာကင်း မောင်းနှင်ပြီး ခေါင်းနီ(ခ)ကိုကိုဝင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀၊ ဓားဦးချွန်တစ်ချောင်း၊ ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြိတ်တောင်ကျေးရွာ အေးချမ်းသာယာလမ်းသွယ်(၂)လမ်းနေ အောင်မင်းဦး(ခ)ကြက်ရိုး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၁၈၀၊ ဘိန်းစာမှုန့်သုည ဒသမ ၀၁ ကီလိုနှင့် ဆေးခြောက် သုည ဒသမ ၀၁ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်ကားလမ်းတွင် သန်းလေးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၆ ကီလိုကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက ရန်လုံကျိုင်း နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေးရွာအနီးတွင် တရုတ်နိုင်ငံသား လီကွာချန်း(ခ)လီလောက်အန်းအား ရှာဖွေရာ စိတ်ကြွဆေးပြား ၃၉၄၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရွှေပြည်သာမြို့နယ်၌ လူတစ်ဦး ရေနစ်သေဆုံး

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ အောက်တိုဘာ ၂၈ ရက် နံနက် ၇ နာရီခွဲက အမှတ်(၂၃)ရပ်ကွက် တပင်ရွှေထီးလမ်းဘေးရှိ ရေမြောင်းထဲတွင် ဝါးတရာကျေးရွာနေသူ ဦးတင်မျိုးအောင်(ခ)ငမူးသည် ရေနစ်သေဆုံးနေကြောင်း သိရသဖြင့် အမှတ်(၂၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့က အလောင်းအား အင်းစိန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ကသာမြို့ အမှတ်(၄)ရပ်ကွက်တွင် တရားမဝင် ကျွန်းခွဲသားများတင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းမိ

**ကသာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၄)ရပ်ကွက်အတွင်းမှ တရားမဝင်ကျွန်းခွဲသားများ၊ ကျွန်းတံခါးချပ်များ တင်ဆောင်လာသော ခြောက်ဘီးယာဉ်တစ်စီး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၄ နာရီခွဲခန့်က ကသာမြို့နယ် သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်ဦးစီးသောအဖွဲ့သည် ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်ဇော်မင်းထွန်း ဦးစီးသောအဖွဲ့နှင့်ပူးပေါင်း၍ ကသာမြို့ အမှတ်(၄)ရပ်ကွက် သံလမ်းဟောင်းနေရာတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မန္တလေးမြို့ အောင်မြေသာစံမြို့နေ သန်းဇော်ထွေးမောင်းနှင်ပြီး မတ္တရာမြို့ အမှတ်(၂)ရပ်ကွက်နေ ကျော်ခိုင်နှင့် ကသာမြို့အမှတ်(၉)ရပ်နေ ကျော်ဆန်းဝင်းတို့ လိုက်ပါလာသော ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ၆၅ ချောင်း၊ ကျွန်းတံခါးသား ၂၄၃ ချောင်း၊ ကျွန်းတံခါးချပ် ၂၀ အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်ကျွန်းခွဲသားများတင်ဆောင်လာသော ယာဉ်မောင်း သန်းဇော်ထွေး၊ ယာဉ်နောက်လိုက် ကျော်ခိုင်နှင့် ကျော်ဆန်းဝင်းတို့သုံးဦးအား ကသာမြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

# ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင် ဝါယာကြိုး အပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်

**ချောင်းဆုံ အောက်တိုဘာ ၂၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင်အောက်တိုဘာ ၂၈ ရက် ည ၇ နာရီ ၁၅ မိနစ်က ဝါယာကြိုး အပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင် အောက်တိုဘာ ၂၈ ရက် ည ၇ နာရီ ၁၅ မိနစ်က ဒေါ်တင်မူ အကွက်အမှတ်(၇) မုဒွန်းကျေးရွာတောင်ပိုင်းနေသူ၏ အလျား ပေ ၁၅၊ အနံ ပေ ၃၀၊ အမြင့် ၁၈ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး တစ်ထပ်နေအိမ်၌ ဝါယာကြိုးအပူလွန်ကဲရာမှ မွေ့ရာပေါ်သို့ မီးပွားကျပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)



**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

SME-Development Bank
Dependable Financial Partner

လေးစားအပ်ပါသော SME-Development Bank ၏ မိတ်ဟောင်းမိတ်သစ် Customers များအား
SME-Development Bank ၏ (၂၀) ခုမြောက် ဘဏ်ခွဲဖြစ်သည့်
မန္တလေး (မဟာအောင်မြေ) ဘဏ်ခွဲသစ်ကို ဖွင့်လှစ်၍
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ၃၀.၁၀.၂၀၁၉ နေ့မှစတင်
ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မန္တလေး (မဟာအောင်မြေ)ဘဏ်ခွဲ
အမှတ်-၅၂၉ ၊ ၃၉ လမ်း ၊
၈၀×၈၁ ကြား ၊ မဟာအောင်မြေမြို့နယ် ၊
မန္တလေးမြို့။

Tel : (+95) 02 40 30086
Fax : (+95) 02 40 30087
Email : smebank.mdy2@gmail.com
Hot Line : 09 43204411

## တိုင်းဒေသကြီးဝန်ကြီးများ ဒေသခံများနှင့်တွေ့ဆုံ

**ပြင်ဦးလွင် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကိုပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၅)ရှိ မြို့တော်ခန်းမ၌ အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီ က ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စိုင်းပန်းဆိုင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးအောင်ကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်တို့က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အမှာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြသည်။

**နေလင်း(ပြင်ဦးလွင်)**



## သက်ငယ်မုဒိမ်းမှု ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**ချောင်းဦး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် သက်ငယ်မုဒိမ်းမှု ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ချောင်းဦးမြို့နယ် အနော်ရထာခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာဝင်းက အဖွင့်အမှာစကား ပြောသည်။

ဆက်လက်၍ ချောင်းဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက သက်ငယ်မုဒိမ်းမှုကာကွယ်ရေး၊ ချောင်းဦးမြို့နယ် မြို့နယ်ဥပဒေအရာရှိ ဒေါ်အိမွန်စိုးက သက်ငယ်မုဒိမ်း၏ ပြစ်မှုပြစ်ဒဏ်များ၊ မြို့နယ် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်အေးမြတ်မွန်က အသင်း၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

**အိအိအောင် (ချောင်းဦး)**



## ကချင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ခြံများအနေဖြင့် နည်းပညာပေးလုပ်ငန်းနှင့်သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရာသီဥတုနှင့် ဒေသရေမြေအခြေအနေတို့အပေါ်မူတည်၍တောင်သူ အကျိုးအမြတ်ရှိစေမည့် သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများက တီထွင်ကြံဆဆောင်ရွက်ကြစေလိုကြောင်း အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကချင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တာဝန်ရှိသူများအား မှာကြားသည်။

ကချင်ပြည်နယ်တွင် ပိုးမွေးမြူရေး၊ ပိုးချည်ထုတ်လုပ်မှု၊ ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် အရည်အသွေးကောင်း သီးနှံမျိုးများ ပြောင်းလဲပေးနိုင်ရေး၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများတွင်မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဘက်စုံသီးနှံပိုးမွှားကာကွယ်ရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

မြစ်ကြီးနားမြို့ ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(နောင်နန်း)၌ ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်း ရော်ဘာမျိုးများဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပိုးစာခြံတွင်လည်း သုတေသနလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်ပြီး ဒေသရေမြေရာသီဥတုနှင့်သဟဇာတဖြစ်သော အကောင်းဆုံးပိုးမျိုးနှင့် ပိုးစာမျိုးများအား တောင်သူများသို့ မျိုးဖြန့်ဖြူးဝေပေးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**အောင်မိုး (စိုက်ပျိုးရေး)**

## ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ထပ်တိုးဝင်ရောက်လာမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ယခုဘဏ္ဍာနှစ်အတွင်း ထပ်တိုးဝင်ရောက်လာမည် ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

ထို့ပြင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ ဝင်ရောက်ရန် စီစဉ်နေပြီး သီလဝါအထူးစီးပွားရေးဇုန်သည် ဂျပန်နိုင်ငံနှင့် စတင်ဆောင်ရွက်ခြင်းသည် ပေါ်လွင်ထင်ရှားသော သင်္ကေတတစ်ခုဖြစ်သည့်အပြင် ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ကူညီပေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံပေါင်း ၅၀ ရှိသည့်အနက် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အဆင့် ၁၀ နေရာတွင် ရပ်တည်နေပြီး ၁၉၈၈ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းပေါင်း ၁၁၇ ခုရှိရာ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA)၏ စာရင်းများအရ သိရသည်။

ထို့ပြင် အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံ ထားသည့် လုပ်ငန်းပေါင်း ၃၉ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၆၇၀ ကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

**ငြိမ်းငြိမ်း**



## ပုပ္ပားတောင်ကလပ်တွင် ညောင်ကိုင်းကျိုးကျသဖြင့် သာသနိကအဆောက်အဦအချို့ ပျက်စီး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ဆင်နှစ်ကောင် စောင်းတန်းအနီးရှိ ညောင်ပင်မှ ညောင်ကိုင်းကျိုးကျခဲ့သဖြင့် တောင်ကလပ်ရှိ သာသနိကအဆောက်အဦအချို့ ပျက်စီးခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် ည ၇ နာရီခွဲခန့်တွင် တောင်ကလပ်ဆင်နှစ်ကောင် စောင်းတန်းအနီး အမြင့်ပေ ၂၀ ခန့်ရှိသော ညောင်ပင်မှ လုံးပတ်လေးပေခန့်နှင့် အရှည်ပေ ၃၀ ခန့် ညောင်ကိုင်းမှာ ဆွေးမြေ့မှုကြောင့် ကျိုးကျခဲ့ရာ ပြည်တော်အေးဆုတောင်းပြည့်စေတီတွင် မဏ္ဍပ်ိုင်တိမ်းစောင်းခြင်း၊ ပဋ္ဌဝင်္ဂီ ငါးပါးအဆောင်တွင် သွပ် ၁၀ ပေခန့် ပျက်စီးခြင်းနှင့် စေတီအနီးရှိ တံခွန်တိုင်ကျိုးကျခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်ကိုင်းကျိုးကျမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် အခင်းဖြစ်ပွားရာနေရာသို့ မြို့နယ်တာဝန်ရှိသူများနှင့် တောင်ကလပ် ဂေါပကအဖွဲ့ဝင်များ သွားရောက် ကြည့်ရှုစစ်ဆေး၍ ပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



## အင်းသားအမျိုးသားနေ့အခမ်းအနား ညောင်ရွှေမြို့၌ စည်ကားစွာကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၂၉**

တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် အင်းသားအမျိုးသားနေ့ကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက ညောင်ရွှေမြို့အနောက်ဘက်ရှိနန်းကပ်ချောင်း၌ ကျင်းပရာ အင်းသားရိုးရာဆွဲလှေများက စုပေါင်းချီတက်လှော်ခတ်သရုပ်ပြကြသည်။

ရှမ်းပြည်နယ်ဝန်ကြီးများ၊ တိုင်းမှူးနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များသည် အင်းသားအမျိုးသားနေ့အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စတုတ္ထအကြိမ် အင်းသားအမျိုးသားနေ့ လူထုအခမ်းအနားကို မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လင်းအောင်နှင့် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် လှေလှော်အားကစားသမားနှစ်ဦးအား ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးနှင့် အလှူရှင်များကဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**စိုင်းအယ်ဘဲ**

ကြေးမုံ





## မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှု မောင်မယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ ကာယဗလ မောင်နှင့် ကာယကြံ့ခိုင်မှုမောင်မယ် ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်း အနားကို အောက်တိုဘာ ၂၈ ရက် ညနေပိုင်းက ကျင်းပသည်။

(၂၁) နှစ်အောက် ကာယဗလမောင် ပြိုင်ပွဲ၊ ၆၀ ကီလိုတန်း အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၇၀ ကီလို တန်း အလွတ်တန်း ကာယဗလမောင် ပြိုင်ပွဲ၊ ၈၀ ကီလိုတန်းနှင့်အထက် အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲ များနှင့် အမျိုးသား Sport Physique၊ Athletic Physique၊ Fitness Physique၊ အမျိုးသမီး Modern Physique၊ Athletic Physique၊ Fitness Physique တို့ကို ကျင်းပခဲ့ပြီး ကာယ ဗလမောင်ပြိုင်ပွဲများတွင် စိတ်ကြိုက် ကိုယ်ဟန် တစ်မိနစ်၊ သတ်မှတ် ကိုယ်ဟန် ခုနစ်မျိုးနှင့် စုပေါင်းကိုယ် ဟန်များ၊ ကာယကြံ့ခိုင်မယ်ပြိုင်ပွဲ စိတ်ကြိုက်ကိုယ်ဟန် သုံးမျိုး၊ သတ်မှတ်ကိုယ်ဟန် လေးမျိုးတို့ကို ယှဉ်ပြိုင်ခဲ့ကြရာ အားကစားဝါသနာ ရှင်များ၊ ပြည်သူများက အားပေး ကြည့်ရှုခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ တံခွန်စိုက် ဒိုင်းဆုရရှိသော ကလေးမြို့နယ် မောင်မယ်များအသင်းအား တိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်၏ဇနီး ဒေါ်ချူးချူး(ခ) ဒေါ်တင့် တင့်နှင့် တိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဒေါက်တာ ဇော်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အားကစား နှင့် ကာယပညာကော်မတီက တိုင်း ဒေသကြီးအဆင့် လက်ရွေးစင် ကာယ ဗလမောင်နှင့် ကာယကြံ့ခိုင်မယ်များ ကို နှစ်စဉ် မွေးထုတ်ပေးလျက်ရှိပြီး ထူးချွန်ဆုရ မောင်မယ်များအား တိုင်း ဒေသကြီး၊ ပြည်နယ်အဆင့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ငါးခရိုင် ကာယဗလမောင်နှင့်ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မကွေး အောက်တိုဘာ ၂၉**

၂၀၁၉ ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဖလား ငါးခရိုင် ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှု မယ်ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကာယဗလမောင်ပြိုင်ပွဲတွင် ကီလို ၆၀တန်း၊ ၆၅ ကီလို တန်းနှင့် ကီလို ၇၀ တန်း၊ ၇၅ ကီလိုတန်းနှင့် ၇၅ အထက် ကီလိုတန်းပြိုင်ပွဲများ ကျင်းပသည်။

ဆက်လက်၍ ကာယကြံ့ခိုင်မှုမယ် (၅ ပေ ၃ လက်မ အောက်)ပြိုင်ပွဲ၊ ကာယကြံ့ခိုင်မှုမယ်(၅ ပေ ၃ လက်မ အထက်) ပြိုင်ပွဲများ ကျင်းပသည်။

ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှု မယ်ပြိုင်ပွဲ တံခွန်စိုက်ဆုကို မကွေးခရိုင်အသင်းက ရရှိသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော အားကစားသမားများ အား မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး နှင့် တာဝန်ရှိသူတို့က ဆုကလပ်၊ ငွေသားဆုနှင့် တံခွန်စိုက် ဆုဖလားတို့ကို အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲမှ ထူးချွန်အားကစားသမားများသည် နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့၌ကျင်းပမည့် ကာယ ဗလမောင်နှင့် ကာယကြံ့ခိုင်မှုမယ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



## ပန်းတောင်း ဒီးဒုတ်ချောင်းကူးတံတား ပြီးစီး၍ သွားလာရေးအဆင်ပြေ

**ပန်းတောင်း အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်း-တောင်ကုတ် အဝေးပြေး လမ်းမကြီး၏ ပန်းတောင်းမြို့အဝင် ဒီးဒုတ် ချောင်းကူးတံတား တည်ဆောက်မှု ပြီးစီးသွား၍ ခရီးသွားပြည်သူ များနှင့် မော်တော်ယာဉ်များ အောက်တိုဘာ ၂၉ ရက်မှ စတင်က ဖြတ်သန်းသွားလာလျက်ရှိသည်။

အဆိုပါတံတားမှာ အလျား ၁၂၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ရှိကာ ယခင်တံတားဟောင်းအနီးတွင် တည်ဆောက်လျက်ရှိသဖြင့် အဝေး ပြေးခရီးသည်တင်ယာဉ်၊ ကုန်တင် ယာဉ်များ သွားလာမှု လွယ်ကူစေ သော ဆက်သွယ်ရေး ချောင်းကူး တံတားကြီးဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၇၆ ဒသမ ၃၉ သန်းဖြင့် ပဲခူးတိုင်းဒေသ ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူကာ K & F Construction Co.,Ltd က ဆောက်လုပ်ခြင်းဖြစ်သည်။

**အောင်မြင့် (ပန်းတောင်း)**

## သီပေါ၌ မြန်မာနှင့် တရုတ် ယဉ်ကျေးမှု ဖလှယ်ရေး တရုတ် ရုပ်ရှင်ပွဲတော် ပြသ

**သီပေါ အောက်တိုဘာ ၂၉**

မြန်မာနှင့် တရုတ်နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးအနေဖြင့် အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီမှ ''Open air Cinema'' အမည်ဖြင့် တရုတ် ရုပ်ရှင်ပွဲတော်ကို ယနေ့ ၆ နာရီမှ ၈ နာရီအထိ သီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ တရုတ်ရုပ်ရှင်ပွဲတော်သို့ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူး များနှင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ ရုပ်ရှင်ဝါသနာအိုး များ ကြည့်ရှု အားပေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ခရမ်းမြို့နယ်တွင် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ခရမ်း အောက်တိုဘာ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနက အထပ်မြင့် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ် ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီ က မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်း အိမ်ရာတွင် လေ့ကျင့်ခဲ့သည်။

အဆိုပါ လေ့ကျင့်မှုတွင် ခရမ်း မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီး မှူး ဦးမြတ်စိုးမိုးနှင့် တပ်ဖွဲ့ဝင်များက အထပ်မြင့် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်းကို လက်တွေ့ စုပေါင်း လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း( ခရမ်း )**



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးဦး၏ စီစဉ်ကြီးကြပ်မှုဖြင့် သဖန်းဆိပ်နယ်မြေ ရဲစခန်းမှူး ရဲအုပ်မျိုးခိုင်က အောက်တိုဘာ ၂၆ ရက်တွင် အင်တိုင်း ကျေးရွာ၌ သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဟောပြောခဲ့စဉ်။ စိုးမိုးကျော် (မင်္ဂလာတောင်ညွန့်)



## မုံရွာစက်မှုဇုန် ရေဆိုးသန့်စင်စက်ရုံတွင် စက်များတပ်ဆင်

**မုံရွာ အောက်တိုဘာ ၂၉**

မုံရွာစက်မှုဇုန်တွင် ငွေကျပ်သိန်းပေါင်း ၁၇၁၀၀ အကုန်အကျခံ တည်ဆောက်နေသော Waste Water Treatment Plant (ရေဆိုးသန့်စင်စက်ရုံ) ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အပြီး တည် ဆောက်လျက်ရှိရာ လက်ရှိတွင် စက်များ တပ်ဆင်နေပြီဖြစ်ကြောင်း မုံရွာစက်မှုဇုန် ကော်မတီဥက္ကဋ္ဌ ဦးဝေတင့်ထံမှ သိရသည်။

မုံရွာစက်မှုဇုန်ရှိကြာဆန်စက်ရုံ ၁၁ ရုံ၊ သားရေ စက်ရုံ ငါးရုံနှင့် စက္ကူစက်ရုံ တစ်ရုံ စုစုပေါင်း စက်ရုံ ၁၇ ရုံမှ ထွက်ရှိလာသော ရေဆိုးများကို ပြန်လည်သန့်စင်ကာ အင်းအတွင်း ရေကြည်သန့် ပြန်ထည့်နိုင်မည့် ရေဆိုးသန့်စင်စက်ရုံကို ဒိန်းမတ်နိုင်ငံ RBF (Responsible Business Fund)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်သည်။

ရေဆိုးသန့်စင်စက်ရုံကို ၂၀၁၉ ခုနှစ်အကုန် အပြီးတည်ဆောက်၍ စက်စတင် လည်ပတ်လျှင် စက်ရုံ ၁၇ ခုမှ ရေဆိုးများကို စက်ရုံသို့ ရေစစ်ကန်အဆင့်ဆင့်ဖြတ်၍ ပေးပို့ သန့်စင်ကာ လက်ရှိ ရေဆိုးတိုက်ရိုက်ထည့်နေ သော အင်းအတွင်း သန့်စင်ပြီးရေများ ထည့်သွား မည်ဖြစ်ကြောင်း သိရသည်။

"စက်လည်ရင် စက်ရုံတွေက ထွက်လာတဲ့ ရေဆိုးတစ်ဂါလန်ကို ငွေကျပ် ၂၀ နှုန်းကောက်ပြီး ရေသန့်စင်စက်ရုံရဲ့ ရေရှည်စရိတ်အဖြစ် သုံး သွားမှာပါ။ တစ်ဂါလန် ငွေကျပ် ၂၀ နှုန်းနဲ့ သန့်စင် ပေးတာဆိုတော့ တစ်လီတာမှ ငါးမူးလောက်သာ ကျတာပါ" ဟု ဦးဝေတင့်က ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးလမ်းပေါ်ရှိ မံဆောင်းတံတားသစ် သုံးနှစ်အတွင်း အပြီးတည်ဆောက်မည်



**တီးတိန် အောက်တိုဘာ ၂၉**

ချင်းပြည်နယ် တီးတိန်မြို့နယ် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေး အမှတ်(၂) လမ်းမပေါ် ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည့် မဏိပူရ မြစ်ကူးမံဆောင်းကြိုးတံတားဟောင်းအနီးတွင် မံဆောင်းတံတားသစ်ကို ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်မှစတင်ကာ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်တန် ၆၀ ရှိ နှစ်လမ်းသွားဖြင့် သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

" လက်ရှိ တံတားရဲ့အနီး အောက်ဘက် ပေ ၁၀၀ ဝန်းကျင်မှာဆောက်လုပ်မှာပါ။ ရေရှည်ခံနိုင်ရည်ရှိမယ့် ကွန်ကရစ်တံတားအမျိုးအစားပါ။ အခုရှိတဲ့ တံတားက ကားလေးတွေ ဖြတ်သန်းသွားလာနိုင်အောင် ကြိုးတံတားအဖြစ် ဆောင်ရွက်ထားတာဆိုတော့ ခိုင်ခံ့မှုက သိပ်စိတ်မချရတော့ဘူး။ မံဆောင်းတံတားသစ်က အရှည် ၅၅၇ ဒသမ ၇ ပေနဲ့ အကျယ် ပေ ၃၀ ရှိပါမယ်။ အခုတော့ နယ်စပ်ကုန်သွယ်ရေးနဲ့ဆိုတော့ ယာဉ်တစ်စီးချင်းခံနိုင်ဝန်တန် ၆၀ ရှိတဲ့ နှစ်လမ်းသွား တံတားတည်ဆောက်ပါမယ်" ဟု ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက ပြောသည်။

မံဆောင်းတံတားသည် စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်ကုန်သွယ်ရေးစခန်းပြီးလျှင် အကြီးမားဆုံးနယ်စပ်အရောင်းအဝယ်ဖြစ်သည့် ချင်းပြည်နယ် တီးတိန်မြို့နှင့် ရိဒ်နယ်စပ်အကြားတွင် တည်ရှိပြီး မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။

ကလေး-တီးတိန်-ရိခေါဒါရ် ကားလမ်းသည် မိုင် ၈၀ ကျော်ကွာဝေးပြီး မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်သည့် ရိခေါဒါရ်-ဇိုခွာထာရ်နယ်စပ် ကုန်သွယ်ရေးအတွက် အသုံးပြုရသည့် လမ်းဖြစ်သည်။

လက်ရှိအသုံးပြုနေသော မံဆောင်းကြိုးတံတား(ဝဲပုံ)သည် ၂၀၁၅ ခုနှစ်ကဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးတွင် တံတားအောက်ခြေတိုင်တစ်တိုင်နိမ့်ကျသွားသဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရပြီးနောက် တံတားပေါ်ဖြတ်သန်းသည့် ယာဉ်များအနေဖြင့် ၁၆ တန်အထိသာ အများဆုံး တင်ဆောင်ဖြတ်သန်းသွားလာကြရန် သတ်မှတ်ခဲ့သည်။

**ဇိုဟေဆာ**

# ကလေးစာပေပွဲတော် (တောင်ငူ) စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

**တောင်ငူ အောက်တိုဘာ ၂၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ပထမအကြိမ် ကလေးစာပေပွဲတော်(တောင်ငူ) စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အောက်တိုဘာ ၂၉ ရက်က ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးစာပေပွဲတော်(တောင်ငူ)ကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်(စနေ၊ တနင်္ဂနွေနေ့)တွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ခရိုင်အတွင်းရှိမြို့နယ်များမှ ကျောင်းသားလူငယ်များ ပျော်ရွှင်စွာလာရောက်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ကလေးစာပေပွဲတော်အဝင် မုခ်ဦးဆောက်လုပ်ခြင်း၊ ပြခန်းနေရာများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ကလေးများ ပျော်ရွှင်ပါဝင်ဆင်နွှဲနိုင်မည့် ဂိမ်းကစားပွဲနေရာများ ပြင်ဆင်သည့်လုပ်ငန်းများ၊ တောင်ငူခရိုင်အတွင်း မြို့နယ်များရှိလူစည်ကားရာနေရာများတွင် ဗီနိုင်းကြော်ငြာဘုတ်များစိုက်ထူခြင်း၊ မစ်ကီမောက်အရုပ်၊ ဘဲရုပ်အကများပါဝင်သည့် နှိုးဆော်ရေးယာဉ်များဖြင့် မြို့နယ်တိုင်းလှည့်လည်နှိုးဆော်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအက အလှများဖြင့် ဖျော်ဖြေ ခြင်းနှင့် တေးသီချင်းများ၊ တေးသရုပ်ဖော် အစီအစဉ်များဖြင့် ဖျော်ဖြေခြင်းများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ တိုင်းရင်းသားဘာသာ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ တိုင်းရင်းသားဘာသာပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ Team Building Game များနှင့် အခြားဂိမ်းကစားပွဲများ၊ စာပေဟောပြောပွဲများ ပါဝင်မည်ဖြစ်သည်။

ထို့အပြင် ကလေးစာပေပြပွဲ၊ တောင်ငူခေတ် သမိုင်း ဓာတ်ပုံစုစည်းမှုပြခန်း၊ ကျောက်စာ ပြခန်း၊ အာကာသနှင့် စကြာဝဠာ သင်ကြားရေးပစ္စည်းများပြခန်း၊ အလင်းသစ် ကိုယ်ပိုင်အထက်တန်းကျောင်းပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးပြခန်း၊ ကွန်ပျူတာဂိမ်းကစားနည်းပြခန်း၊ လူကုန်ကူးမှု တားဆီးရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးပြခန်းနှင့် အခြေခံပညာကျောင်းပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**ကိုသားကြီး(ကျောက်ကြီး)**

# ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ငါးနိုင်ငံစိန်ခေါ်ပွဲ ရန်ကုန်မြို့တွင် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၉**

မြန်မာမာရှယ်အက် Group ကုမ္ပဏီလီမိတက်က ကြီးမှူးကျင်းပသည့် အဌမအကြိမ် Air KBZ ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ ငါးနိုင်ငံစိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်မည့်တွဲဆိုင်းများမှာ တူးတူး(မြန်မာ)နှင့် တိုခဲရို(ဂျပန်)၊ စိုးလင်းဦး (ဒို့ရိုးရာ-မြန်မာ)နှင့် ရာမာဉ်(ရွှေဒေါပုံ-မြန်မာ)၊ စောရွှေလေး(မြန်မာ)နှင့် ချက်တာပင်(ထိုင်း)၊ ရဲသွေးနီ(တောင်ကလေး-မြန်မာ)နှင့် အောက်ချင်းလေး (တောင်ဇလပ်-မြန်မာ)၊ စောဒါဝိတ်(တောင်ကလေး-မြန်မာ)နှင့် နိုင်ဝင်းထွန်း (ရာမညအားမာန်-မြန်မာ)၊ ဘရောနီကာ(မြန်မာ)နှင့် ပိရိယပ်(အီတလီ) တွဲဆိုင်းတို့ဖြစ်သည်။ သိုင်းပြောင်းပြန်နှင့် ရိုးရာလက်ဝှေ့အထူးစိန်ခေါ် ပွဲအဖြစ် မှော်ဘီဇာမဏိ (သိုင်းပြောင်းပြန်) မြန်မာနှင့် စောနီကိုး (ရိုးရာလက်ဝှေ့) ဂျာမနီတို့ ပါဝင်ထိုးသတ်မည်ဟု သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**



အောက်တိုဘာ ၂၄ ရက်က အမှတ် ၁၉ ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအမှတ်(၂)တွင် ကျောင်းသားများနှင့် မူးယစ်ဆေးဝါးများအကြောင်း၊ ကလေးသူငယ်များမှုခင်းဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအား ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး စိုးမိုးလွင်ဦးဆောင်၍ မှုခင်းအသိပညာပေးဟောပြောခဲ့စဉ်။ နေမျိုးထွန်း(ပြန်/ဆက်)

# ဧရာဝတီလင်းပိုင် သားပေါက်ငါးကောင်တွေ့ရှိ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး-ကျောက်မြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအတွင်း လင်းပိုင်အခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်စဉ်က ဇွန်လနောက်ပိုင်းတွင် လင်းပိုင်အုပ်စုများအတွင်း လင်းပိုင်သားပေါက် ငါးကောင်ခန့်တွေ့ရှိခဲ့ကြောင်း လင်းပိုင်အခြေပြုခရီးသွားလုပ်ငန်းမှ ဒေသခံရေလုပ်သားဦးမောင်လေးက ပြောသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလက လင်းပိုင်သုတေသနခရီးစဉ် စာရင်းကောက်ယူမှုအရ မန္တလေးမှ ဗန်းမော်အထိ စုစုပေါင်း ၇၂ ကောင်ရှိသည့်အနက် မန္တလေးမှ ကျောက်မြောင်းအကြားတွင် ဧရာဝတီလင်းပိုင် ၂၄ ကောင်ရှိပြီး ယခုလပိုင်း လင်းပိုင်သားပေါက်များ တိုးလာသည်ဟု ဆိုသည်။

"လင်းပိုင်ကြည့်တဲ့ ပြည်တွင်း ပြည်ပဧည့်သည်က အရင်ထက် ပိုများလာတယ်။ ဧည့်သည်တွေလိုက်ပြရင်းနဲ့ စိန်ပန်းကုန်းရွာနားမှာ လင်းပိုင်အုပ်ထဲမှာ သားပေါက် နှစ်ကောင်၊ မင်းကွန်းနားမှာလည်း လင်းပိုင် ရှစ်ကောင်အုပ်စုထဲမှာ သားပေါက်နှစ်ကောင်နဲ့ အင်ဒေါင်းရွာအနီးမှာ တစ်ကောင်တွေ့ခဲ့တယ်။ ဒီနှစ် သားပေါက် ငါးကောင်လောက်တိုးလာတယ်"ဟု ၎င်းကဆက်လက် ပြောပြသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့်ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး)နှင့် WCS တို့ ပူးပေါင်း၍ အထူးသဖြင့် လင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်း ရှော့တိုက်ငါးဖမ်းမှုများမရှိစေရန် အပတ်စဉ်ကင်းလှည့်စစ်ဆေး ခြင်းနှင့် တွေ့ရှိပါက အရေးယူခြင်းများပြုလုပ်နေပြီး နှစ်တစ်နှစ်၏ ဖေဖော်ဝါရီလတွင် ဧရာဝတီမြစ်တစ်လျှောက် မန္တလေးမှ ဗန်းမော်ထိ သုတေသနခရီးစဉ်တွင် လင်းပိုင်ကောင်ရေ စာရင်းကောက်ယူကြောင်းသိရ သည်။

**ခိုင်ဆက်ဝေ**

# တည်င်းကုန်းဈေးသစ်ကြီးတွင် ရာသီပေါ် ရှားပါးကုန်စိမ်းများ အရောင်းသွက်



**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တည်င်းကုန်းကုန်စိမ်းဈေးကြီးတွင် ဟင်းသီးဟင်းရွက်မျိုးစုံကို ဖြန့်ဖြူးရောင်းချလျက်ရှိရာ ရာသီပေါ် ရှားပါးကုန်စိမ်းအချို့သာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။ တည်င်းကုန်းဘူတာနှင့် ကပ်လျက်ရှိသော စည်ပင်သာယာဈေးမှ ကျယ်ဝန်းသော ကုန်စိမ်းဈေးကြီးသို့ ဇွန် ၂၁ ရက် မှစတင်၍ ပြောင်းရွှေ့ရောင်းချခဲ့ရာ deman ဆိုင်ခန်း ၄၆၇ ခန်း နှင့် ပျံကျဈေးသည် ၁၀၀၀ ကျော်အား ဈေးရုံသစ်တွင် နေရာများပေးခဲ့ပြီး ဟင်းသီးဟင်းရွက်နှင့် သီးနှံဈေးရုံ၌ ဆိုင်ခန်းနေရာ ၄၀၀၀ ကျော်ဖြင့် နေ့စဉ်ဝင်ရောက်လာသည့် ဟင်းသီးဟင်းရွက်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပျံကျဈေးရုံ၊ စားသောက်ဆိုင်တန်းနှင့် ကုန်ခြောက်ရုံ၊ သစ်သီးဝလံဈေးရုံဖြင့်ဈေးရုံ သုံးရုံဖြင့် တစ်ရုံလျှင်ဆိုင်ခန်း ၄၀ ပါသည့် အသား၊ ငါးဈေးရုံနှစ်ရုံနှင့်အတူ ဈေးရုံသစ်ကြီးကို ၂၄ နာရီ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

တည်င်းကုန်းဈေးဟောင်းနေရာသည် စည်ပင်သာယာဈေးဖြစ်ပြီး ဘူတာနှင့်ကပ်လျက်ရှိ၍ လူစည်ကားသော်လည်း ရေဝပ်သောဈေးဖြစ်သည့်အတွက် မိုးရာသီတွင် ဈေးဝယ်နှင့် ဈေးသည်များ အခက်အခဲကြုံတွေ့ရသောဈေးဖြစ်ရာ သန့်ရှင်းကျယ်ဝန်းသော ကုန်စိမ်းဈေးကြီးသို့ ရွှေ့ပြောင်းရောင်းချခဲ့သည်မှာ လေးလကျော်ပြီဖြစ်၍ ခရီးသွားလာရေးအခက်အခဲတို့ကြောင့် အရောင်းအဝယ်ပါးခြင်းဖြစ်သည်။

တည်င်းကုန်းဘူတာ လမ်းပိုင်းဆိုင်ရာ ပြင်ဆင်မှုပြီးစီး၍ မြို့ပတ်ရထား ပုံမှန်ပြန်လည်ပြေးဆွဲချိန်တွင် ကုန်စိမ်းအဝင်၊ အထွက် ပြန်လည်ကောင်းမွန်လာမှုကြောင့် အရောင်းအဝယ်ပြန်လည် ဦးမော့နိုင်မည်ဖြစ်ရာ ယခုချိန်တွင် ရာသီပေါ်ရှားပါးကုန် အချို့သာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီသည် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကိစ္စရပ်များအား ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရန်၊ ကော်မတီက စိစစ်ရမည့် ဥပဒေများကိုဆန်းစစ်လေ့လာပြီး ပြည်သူ့လွှတ်တော်သို့တင်ပြရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော ကော်မတီဖြစ်ပြီး အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# တောင်သူလယ်သမားတွေနဲ့သက်ဆိုင်တဲ့ကိစ္စတွေပါဝင်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စိစစ်လျက်ရှိတဲ့ဥပဒေတွေကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်

## တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်

ရှင်မင်း၊ ဓာတ်ပုံ-ကေကေ

ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီကို တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကိစ္စရပ်များအား ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရန်၊ ကော်မတီက စိစစ်ရမည့် ဥပဒေများကို ဆန်းစစ်လေ့လာပြီး ပြည်သူ့လွှတ်တော်သို့တင်ပြရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည်။

တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီသည် သက်တမ်းသုံးကြိမ် တိုးမြှင့်ထားသည့်ကော်မတီဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ၂၀ ဖြင့် ဖွဲ့စည်းထားသည်။ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဆိုပါကော်မတီဥက္ကဋ္ဌ တိုက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ကော်မတီအတွင်းရေးမှူး ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းတို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။



ဦးကျော်မြင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်



ဦးသိန်းထွန်း
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

**ဦးကျော်မြင့်**
**တိုက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ**

**မေး။ ။ပထမဦးဆုံး ကော်မတီရဲ့ ဖွဲ့စည်းမှုကိုသိပါရစေ။**

**ဖြေ။** ။ကျွန်တော်တို့ကော်မတီကို ပြည်သူ့လွှတ်တော်ရုံးရဲ့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆)နဲ့ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအဖြစ် ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းပေးလိုက်ပြီး ၂၀၁၆ ခုနှစ် မတ် ၇ ရက် အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၆ နဲ့ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ကျွန်တော်တို့ကော်မတီမှာ အမြဲတမ်းကော်မတီဝင် ၁၈ ဦးရှိပြီးတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက လေ့လာသူအဖြစ် ပါဝင်ပါတယ်။

**မေး။ ။ကော်မတီက တောင်သူလယ်သမား၊ အလုပ်သမားနဲ့ဆိုင်တဲ့အတွက် ဒီကဏ္ဍ နှစ်ခုကို ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။လွှတ်တော်က သတ်မှတ်ပေးလိုက်တာကတော့ အလုပ်သမားဆိုင်ရာဥပဒေတွေကို လေ့လာသုံးသပ်ဆွေးနွေးပြီး ပြင်ဆင်သင့်တာကိုပြင်ဖို့၊ အသစ်ပြန်လည်ရေးဆွဲသင့်တာကို ရေးဆွဲဖို့၊ ဆက်လက်သုံးစွဲသင့်သည်များကိုအသုံးပြုဖို့ အကြံပြုတင်ပြပြီးမှ ဆက်လက်ဆောင်ရွက်ရပါတယ်။ ဒါပေမယ့် ကော်မတီထဲမှာ တောင်သူလယ်သမားတွေနဲ့သက်ဆိုင်တဲ့ ကိစ္စတွေပါဝင်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စိစစ်လျက်ရှိတဲ့ ဥပဒေတွေကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတို့နဲ့ ပူးပေါင်းပြီး တောင်သူလယ်သမားတွေနဲ့သက်ဆိုင်တဲ့ ဥပဒေတွေကို ပြင်ဆင်ရေးဆွဲဆောင်ရွက်ရပါတယ်။

ဒီလိုလုပ်ငန်းဆောင်ရွက်တဲ့အခါ ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးတွေကျင်းပတဲ့အချိန်မှာ အစည်းအဝေး စုစုပေါင်း ၆၁ ကြိမ် ပြုလုပ်ပြီးပါပြီ။ ဒီအစည်းအဝေးတွေထဲမှာ ညှိနှိုင်းအစည်းအဝေးက ၃၆ ကြိမ်၊ ဘတ်ဂျက်ဆိုင်ရာက ၂၅ ကြိမ်ပါ။

**မေး။ ။ကော်မတီကို ပြည်သူတွေဆီက ပေးပို့တဲ့ တိုင်ကြားစာတွေနဲ့ပတ်သက်ပြီး လုပ်ဆောင်ပေးနေတဲ့အခြေအနေကိုလည်း သိပါရစေ။**

**ဖြေ။** ။ကျွန်တော်တို့ကော်မတီဆီကို ပြည်သူတွေက ပေးပို့တဲ့ တိုင်ကြားစာပေါင်း ၉၅၂၂ စောင် ရှိပါတယ်။ ဒီတိုင်ကြားစာတွေကို နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒနဲ့အညီ ကော်မတီဝင်တွေက စိစစ်ပြီး မှတ်ချက်ရေးပါတယ်။ ဒီလိုမှတ်ချက်ရေးပြီးတော့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေကိုပေးပို့ခဲ့ပါတယ်။ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေကို ပေးပို့တဲ့ တိုင်ကြားစာတွေနဲ့ မှတ်တမ်းအဖြစ်ထားရှိတဲ့ တိုင်ကြားစာ စုစုပေါင်း ၇၅၆၈ စောင် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲက ၁၉၅၄ စောင်ဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီရဲ့ တစ်နှစ်တာဆောင်ရွက်မှု အစီရင်ခံစာတွေကိုလည်း လွှတ်တော်ကို တင်ပြခဲ့ပါတယ်။

**မေး။ ။ကော်မတီအနေနဲ့ ဥပဒေပြင်ဆင်တဲ့အပိုင်း၊ ပြဋ္ဌာန်းတဲ့အပိုင်းနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်နေတာတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။တောင်သူလယ်သမားကိစ္စနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ စက်တင်ဘာလ ပထမပတ်အတွင်းက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပထမအကြိမ် ပြင်ဆင်တဲ့ ဥပဒေကိုဆောင်ရွက်ပြီးတော့ နိုင်ငံတော်သမ္မတထံ တင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတထံက သဘောထားမှတ်ချက်နဲ့ပြန်လာတဲ့အခါ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီက ဆွေးနွေးစရာရှိရင် ဆွေးနွေးပါတယ်။

> **"အခုကတော့ အိမ်အကူဥပဒေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍ ပေါင်းစုံကနေ ပါဝင်ဆောင်ရွက်ပေးကြဖို့ ဖိတ်ခေါ်ထားတယ်။ လာမယ့် (၁၄) ကြိမ်မြောက် လွှတ်တော်အစည်းအဝေး ကျရင်တော့ လွှတ်တော်တင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ အလုပ်သမား အငြင်းပွားမှုဥပဒေလည်း (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလမှာ ပြဋ္ဌာန်းပြီးပါပြီ။ အခု အလုပ်သမား အငြင်းပွားမှု နည်းဥပဒေ ပြဋ္ဌာန်းနိုင်ဖို့ ဆွေးနွေးနေကြ"**

ဆွေးနွေးစရာမရှိရင်တော့ လက်ခံဆောင်ရွက်ပါတယ်။ မြေသိမ်းဥပဒေကိုလည်း အသစ်ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါပြီ။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုလည်း

စာမျက်နှာ ၁၉ သို့ ❖



ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် အာရှဒေသပတ်ဝန်းကျင်ကောင်းမွန်ရေး နည်းပညာပြန့်ပွားရေးအဖွဲ့ NPO နှင့် တွေ့ဆုံဆွေးနွေးစဉ်။

❖ စာမျက်နှာ ၁၈ မှ

ဒုတိယအကြိမ် ပြင်ဆင် ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ထို့အတူပဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းပြီးခဲ့ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းထဲမှာ ရေးဆွဲပြဋ္ဌာန်းပြီးခဲ့ပါတယ်။ တောင်သူလယ်သမားတွေအတွက် ဒီဥပဒေတွေက မရှိမဖြစ်တွေပါ။ ဒါကြောင့် တောင်သူလယ်သမားတွေအတွက် ဒီဥပဒေတွေကို ခေတ်နဲ့လျော်ညီအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။

အလုပ်သမားဥပဒေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကော်မတီက ၂၅ ခုစိစစ်ရပါတယ်။ အလုပ်သမားရေးရာကိစ္စတွေမှာ အင်းဝအပ်ချုပ်ဆိုင်အမှုလို၊ စင်ကာပူမှာဖြစ်ခဲ့တဲ့ အမှုလိုမျိုးတွေ ကြုံတွေ့တာရှိပါတယ်။ စင်ကာပူကိစ္စမှာဆိုရင် သူတို့နိုင်ငံမှာက အိမ်အကူဥပဒေရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာက အိမ်အကူဥပဒေမရှိဘူး။ ဒါကြောင့် အလုပ်သမားဆိုင်ရာအဖွဲ့အစည်းတွေက အိမ်အကူဥပဒေကိုရေးဆွဲပေးဖို့ လွှတ်တော်ကိုတင်ပြလာကြပါတယ်။ ဒါကြောင့် အိမ်အကူဥပဒေကိုရေးဆွဲဖို့ ဆောင်ရွက်နေပါတယ်။ ဒီလိုဥပဒေတွေ ဆောင်ရွက်နိုင်ဖို့အတွက် အခြားနိုင်ငံတွေကဥပဒေတွေကိုလည်း လေ့လာနေပါတယ်။ ကိုယ့်နိုင်ငံနဲ့ကိုက်ညီအောင် ဆောင်ရွက်သွားရမှာပါ။

မြန်မာနိုင်ငံကနေ တရားဝင်လမ်းကြောင်း၊ တရားမဝင်လမ်းကြောင်းနဲ့ အခြားနိုင်ငံတွေကို အိမ်အကူအဖြစ် သွားရောက်လုပ်ကိုင်နေကြတယ်။ ဒီလိုအလုပ်လုပ်နေကြတဲ့ နိုင်ငံသားတွေအတွက် ဘယ်လိုကာကွယ်ပေးမလဲ။ တရားဝင်လမ်းကြောင်းကနေသွားရင် စာချုပ်နဲ့သွားကြတယ်။ တရားမဝင် သွားရောက်တာတွေကျတော့ တစ်ခုခုဆို ဖြေရှင်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ အခုကတော့ အိမ်အကူဥပဒေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍပေါင်းစုံကနေ ပါဝင်ဆောင်ရွက်ပေးကြဖို့ ဖိတ်ခေါ်ထားတယ်။ လာမယ့် (၁၄) ကြိမ်မြောက် လွှတ်တော်အစည်းအဝေးကျရင်တော့ လွှတ်တော်တင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ အလုပ်သမားအငြင်းပွားမှုဥပဒေလည်း (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလမှာ ပြဋ္ဌာန်းပြီးပါပြီ။ အခုအလုပ်သမားအငြင်းပွားမှုနည်းဥပဒေပြဋ္ဌာန်းနိုင်ဖို့ ဆွေးနွေးနေကြပါတယ်။

မေး။ ။ဝန်ကြီးဌာနတွေရဲ့ ဘတ်ဂျက်တွေအပေါ် စိစစ်မှုအပိုင်းကိုလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ကျွန်တော်တို့ လွှတ်တော်ရေးရာကော်မတီတွေကို လွှတ်တော်ကြီးထဲက လွှတ်တော်ငယ်လေးတွေလို့ ယူဆလို့ရပါတယ်။ အုပ်ချုပ်ရေးကဏ္ဍနဲ့ အပြန်အလှန်ထိန်းကျောင်းကြတယ်။ အုပ်ချုပ်ရေးအပိုင်းက ဝန်ကြီးဌာနတွေဟာ ရသုံးခန့်မှန်းခြေငွေစာရင်းတွေကို ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်ယူရတယ်။ အဲဒီလိုယူတဲ့အခါ ဝန်ကြီးဌာနတွေရဲ့ ဘတ်ဂျက်ကိုစိစစ်တဲ့တာဝန်ကို ကျွန်တော်တို့ ကော်မတီတွေက တာဝန်ယူကြတယ်။ ကျွန်တော်တို့ ကော်မတီက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ရဲ့ ဘတ်ဂျက်ကို စိစစ်ရပါတယ်။

ဒီလိုစိစစ်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ပူးပေါင်းပြီးတော့ စိစစ်ရေးပူးပေါင်းအဖွဲ့ဖွဲ့ပါတယ်။ စိစစ်တဲ့အခါ ဘတ်ဂျက်ကို လုပ်ဆောင်ဆဲလုပ်ငန်းတွေကို ဦးစားပေးပြီး ဘတ်ဂျက်ခွင့်ပြုတယ်။ နိုင်ငံတော်အတွက် သဘာဝဘေးအန္တရာယ် ကျရောက်မှု၊ ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုတွေအတွက် အရေးပေါ် စီမံကိန်းခွင့်ပြုချက်တွေကို ခွင့်ပြုပေးရပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွေကိုလည်း စိစစ်ခွင့်ပြုပေးရပါတယ်။ စိစစ်ရေးပူးပေါင်းကော်မတီရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက်ကြပါတယ်။ နိုင်ငံ့ဘဏ္ဍာငွေ အလေအလွင့်မရှိအောင် စိစစ်ခွင့်ပြုပေးပါတယ်။

**ဦးသိန်းထွန်း**

**ကျောင်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ**
**အတွင်းရေးမှူး**

မေး။ ။ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို ပြောပြပေးပါဦး။

ဖြေ။ ။ကော်မတီက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန် ရှစ်ခု ရှိပါတယ်။ ကော်မတီအနေနဲ့ ပထမက တောင်သူလယ်သမားနဲ့ အလုပ်သမားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ကူညီဆောင်ရွက်ပေးရမယ့် တာဝန်ရှိပါတယ်။ ဒုတိယက တောင်သူလယ်သမားတွေရဲ့အခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်ဖို့၊ တတိယက စိုက်ပျိုးရေးထုတ်ကုန်ကောက်ပဲသီးနှံတွေကို သင့်တင့်မျှတတဲ့ တန်ဖိုးရရှိဖို့ ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ စတုတ္ထကတော့ အလုပ်သမားတွေရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးဖို့ဖြစ်ပါတယ်။ ပဉ္စမက ပြည်သူတွေ အလုပ်လက်မဲ့နည်းပါးစေဖို့ တတ်နိုင်သမျှ ကူညီဆောင်ရွက်သွားဖို့ တာဝန်ရှိပါတယ်။

ဆဋ္ဌမက သက်ဆိုင်ရာနယ်ပယ်အသီးသီးက ဌာနအဖွဲ့အစည်းတွေ ကျင့်သုံးလျက်ရှိတဲ့ ဥပဒေတွေကို လေ့လာပြီးတော့ ပယ်ဖျက်သင့်တာ ပယ်ဖျက်ဖို့၊ ပြင်ဆင်သင့်တာ ပြင်ဆင်ဖို့၊ လိုအပ်ရင် အသစ်ပြဋ္ဌာန်းဖို့တာဝန်လည်း ရှိပါတယ်။ သတ္တမတာဝန်ကတော့ ဒီလိုသက်ဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်းတွေ အခါအားလျော်စွာ ထုတ်ပြန်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေဟာ တည်ဆဲဥပဒေတွေ၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေနဲ့ ညီညွတ်မှုရှိပြီး လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိဖို့ဖြစ်ပါတယ်။ အဋ္ဌမတာဝန်ကတော့ ပြည်သူတွေ တင်ပြလာတဲ့ တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာတွေကို စိစစ်ပြီး လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် လွှတ်တော်ကိုတင်ပြဖို့ဖြစ်ပါတယ်။

မေး။ ။ပြည်သူတွေကပေးပို့လာတဲ့ တိုင်ကြားစာတွေအပေါ် ကော်မတီအနေနဲ့ ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။အဓိကအားဖြင့် ကျွန်တော်တို့လွှတ်တော်က ဥပဒေပြုရေးအပိုင်းကို ဆောင်ရွက်ကြတာ များပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကော်မတီက တောင်သူလယ်သမားနဲ့ အလုပ်သမားရေးရာကော်မတီဖြစ်တဲ့အတွက် ဒီကဏ္ဍနှစ်ခုနဲ့ဆိုင်တဲ့ တင်ပြတိုင်ကြားစာတွေ လာပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာလည်း ကျွန်တော်က ကော်မတီဝင်အဖြစ် ပါဝင်ပါတယ်။ အဲဒီတုန်းကလည်း တိုင်စာပေါင်း ၃၀၀၀၀ လောက် လက်ခံရရှိခဲ့ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာလည်း ၁၀၀၀၀ လောက် ရှိပါတယ်။ ကော်မတီ ၂၁ ခု ရှိတဲ့အထဲမှာ တိုင်စာအများဆုံးလက်ခံရရှိတဲ့ ကော်မတီဖြစ်ပါတယ်။

ဒီလို ပြည်သူတွေက တင်ပြလာတဲ့ တိုင်ကြားစာတွေကို ကော်မတီဝင်တွေက တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်တွေနဲ့ စိစစ်မှတ်ချက်ပြုပြီး ဖြေရှင်းပေးနိုင်ဖို့ ဆောင်ရွက်ရပါတယ်။ ဒီလိုမှတ်ချက်ပြုပြီး ဒုတိယသမ္မတဦးဆောင်တဲ့ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ပေးပို့ရပါတယ်။ တိုင်စာပေါင်း ၁၀၀၀၀ လောက်ထဲက ၃၈၀၀ ကျော် ပို့ပြီးပါပြီ။ တချို့တိုင်စာတွေက အကျုံးမဝင်တာတွေလည်း ရှိပါတယ်။ ဒါတွေကိုတော့ ကော်မတီဝင်တွေက စိစစ်မှတ်ချက်ပြုပြီး မှတ်တမ်းတင်ထားပါတယ်။ ဒါက ၃၀၀၀ ခန့်ရှိပါတယ်။ ဆောင်ရွက်ဖို့ ကျန်ရှိနေတာက ၂၀၀၀ လောက်ရှိပါတယ်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်ကလွဲပြီး ကျန်တဲ့အချိန်မှာ ကော်မတီဝင်တွေက ပြည်သူတွေရဲ့ တိုင်ကြားစာတွေကို တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

“ကော်မတီက တောင်သူလယ်သမားနဲ့ အလုပ်သမားရေးရာကော်မတီ ဖြစ်တဲ့အတွက် ဒီကဏ္ဍနှစ်ခုနဲ့ဆိုင်တဲ့ တင်ပြတိုင်ကြားစာတွေ လာပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာလည်း တိုင်စာပေါင်း ၃၀၀၀၀ လောက် လက်ခံရရှိခဲ့ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာလည်း ၁၀၀၀၀ လောက် ရှိပါတယ်။ ကော်မတီ ၂၁ ခု ရှိတဲ့အထဲမှာ တိုင်စာအများဆုံး လက်ခံရရှိတဲ့ ကော်မတီဖြစ်”


ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ အခြေစိုက် NAMATI မှ Country Director ဦးဆောင်သော အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။


ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ အဖွဲ့မှ Executive Director ဦးဆောင်သောအဖွဲ့ (HRDP)တို့ တွေ့ဆုံဆွေးနွေးစဉ်။


ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (ဧရာဝတီ) (MATA- Ayeyarwaddy)တို့ တွေ့ဆုံဆွေးနွေးစဉ်။


ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် ကရင်ပြည်နယ်အခြေစိုက် ၈၈ ကရင်မျိုးဆက်ကျောင်းသားများ၏ လူမှုဖွံ့ဖြိုးရေးအသင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပေါ့ဘာနေရာမှာ ဖရက်နဲ့ပါရဲရားတို့ အစားထိုးဖို့ မန်ယူအသင်းနည်းပြ ဆိုးရှား စီစဉ်



